# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။
yadanarbonnews.com
၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၄)ရက် ၊ စနေနေ့ ၊ (20-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၄၃)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

### တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## နိုင်ငံ၏ အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို အားပေးမြှင့်တင်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**



ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှု လျှော့နည်းပပျောက်ရေး

နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်မှုရှိစေသည်။ တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးတိုက်ဖျက်နိုင်မှသာ တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းပပျောက်သွားမည်ဖြစ်သည်။

တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ ထို့ပြင် နိုင်ငံတော်အတွက် အခွန်ငွေနစ်နာမှု၊ နိုင်ငံခြားအရန်ငွေဆုံးရှုံးမှု၊ စာရင်းအင်းအချက်အလက်များ မှားယွင်းမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ထိခိုက်မှု၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် ထိခိုက်နစ်နာမှု၊ စားသုံးသူပြည်သူများအပေါ်ထိခိုက်နစ်နာမှု၊ လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်နစ်နာမှုများလည်း ဖြစ်စေနိုင်သည်။

တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ဖမ်းဆီးရရှိမှုသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဇွန်လထိ သုံးနှစ်နှင့် ခြောက်လတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၅၂၃၁ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၆၆၃ ဒသမ ၉၁၉ ဘီလီယံ ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကို ကုန်ပစ္စည်းအုပ်စုအလိုက် ခွဲခြမ်းစိတ်ဖြာကြည့်ပါက ပို့ကုန်ကဏ္ဍတွင် တွင်းထွက်သတ္တုရိုင်းများ၊ သတ္တုအမျိုးမျိုး၊ အဖိုးတန်သတ္တုများနှင့် ရှားပါးဒြပ်စင်များဖြစ်ပြီး သွင်းကုန်ကဏ္ဍတွင် လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ချည်မျှင်နှင့် အဝတ်အထည်များ၊ စက်ယန္တရားများ၊ စက်ပစ္စည်းများနှင့် အခြားကုန်စည်အမျိုးမျိုးတို့အပြင် တရားမဝင်သစ်ခိုးထုတ်ခြင်း၊ စံချိန်စံညွှန်းအရည်အသွေးပြည့်ဝခြင်းမရှိသည့် ကုန်ပစ္စည်းများ၊ ဆေးဝါးအတု သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများနှင့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များလည်း ပါဝင်လျက်ရှိသည်။

ကုန်စည်တင်သွင်းမှုများတွင် အခွန်ပေးဆောင်ခြင်းမရှိဘဲ စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်သည့် တရားမဝင်ကုန်စည်များတင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက်အားကောင်းလာစေပြီး တစ်ဖက်တွင်လည်း တရားမဝင်သယ်ယူရောင်းချရသည့်အတွက် တစ်ဖက်ကုန်သွယ်ဖက်နိုင်ငံများက ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ဖြစ်ပေါ်စေသည့်အပြင် တရားမဝင်ဆောင်ရွက်သည့်လုပ်ငန်းများအားကောင်းလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက်တွင် ထိခိုက်စေနိုင်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံတော်၏အဖိုးတန်သယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲခြင်းမဟုတ်သည့်အတွက် သယံဇာတဆုံးရှုံးမှုများဖြစ်စေခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်စေခြင်း၊ နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း အနှောင့်အယှက်ဖြစ်စေခြင်းတို့ကြောင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုလျှော့နည်းပပျောက်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက သက်ဆိုင်ရာဌာနများနှင့် အတူလက်တွဲပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၉၉
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ❒ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❒ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❒ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

# မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော် စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး စက်တင်ဘာ ၁၉**

ယခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပမည့် မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို ရည်ရွယ်ချက်၊ ဦးတည်ချက် အနှစ်သာရပြည့်ဝစွာဖြင့် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ပြီး လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍများအလိုက် လုပ်ငန်းများ ချောမွေ့အောင်မြင်စွာပြီးစီးရေး မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တာဝန်ရှိသူများအားလုံး စုပေါင်းညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာသူများက ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး၊ လုပ်ငန်းစဉ် ၂၅ ချက်အပေါ် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# သာစည်မြို့နယ် ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချောင်းစောက်ရိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောင်းစောက်ရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စေတုတ္တရာမြို့နယ် ဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ဘိုကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေ ပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၅ သန်းကို ဘိုကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘိုကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၅၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ရန်ပုံငွေကျပ် ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်ကော်မတီအလှူရှင်အဖွဲ့မှ လစဉ် ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀၊ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုမေ္မမဏိဇောတရေ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ကသာမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်းဧက ၃၃၈၀ စိုက်ပျိုးမည်



**စစ်ကိုင်း စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ဧက ၃၃၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၁၉၀၀ နှင့်ဖူးစားပြောင်း ဧက ၁၄၈၀ စုစုပေါင်း ဧက ၃၃၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း စုစုပေါင်း ဧက ၃၃၈၀ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးသွားမှာပါ"ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေကျပ်၂၆ ဒသမ ၄၇ သန်းဖြင့် ထန်းပင်ကုန်းကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို စက်တင်ဘာ ၁၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ထန်းပင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ချင်းမြေကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၄၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၅၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၅၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောစုက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၅၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှတင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၉၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်းပိဿာချိန် ၅၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကထွက်ရှိတဲ့ ဒေသထွက် ငရုတ်သီးစိမ်းတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ကျိုက်လတ်မြို့နယ်ကထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ မှာယူမှုတွေလဲ တက်နေပါတယ်''ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောစုက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ ထိုသို့ ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းလာခြင်း၊ ငရုတ်အရည်အသွေးကောင်းလာကောင်းခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ကျိုက်လတ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဆေးဖက်ဝင်သစ်ကြားသီးအကြောင်း သိကောင်းစရာများ

## ဒေါက်တာလပြည့်ခင်

**သစ်ကြားသီး (Walnut)**

ဦးနှောက်ပုံစံနှင့်တူသော ခပ်ဆိမ့်ဆိမ့်အရသာရှိသည့် သစ်ကြားပင် (Tiger Tree)မှ သီးသည့် သစ်ကြားသီးကို အင်္ဂလိပ်လို Walnut ဟုခေါ်ပြီး ရုက္ခဗေဒအနေဖြင့် Juglans Regia ဟု ခေါ်ဆိုကြသည်။ သစ်ကြားပင်မျိုးရင်းမှာJuglandaceae ဖြစ်ပြီး သစ်ကြားမျိုးစိတ်ပေါင်း ၁၀ မျိုးခန့်ရှိသည်။ ဆိမ့်သော အရသာနှင့်ပြည့်စုံပြီး လှပသောအကြောအကွက်ပေါ်သည့် သစ်သားကြောင့် ရှေးပဝေသဏီကပင် သစ်ကြားပင်ကို စိုက်ပျိုးအသုံးချခဲ့ကြသည်။ ဘီစီ ၁၀ ရာစု ဆော်လမွန်ဘုရင်ကြီးလက်ထက်တွင် သစ်ကြားဥယျာဉ်ရှိခဲ့ပြီး ရှေးဂရိလူမျိုးများက အာတီမစ်နတ်သမီးကိုရည်စူး၍ သစ်ကြားပင်ကို ပူဇော်ခဲ့သကဲ့သို့ ရောမလူမျိုးတို့ကလည်း သစ်ကြားသီးကို ဂျူပီတာနတ်မင်း၏ သစ်သီးတော်ဟု သတ်မှတ်ကြပါသည်။

**မူရင်းဒေသ**

သစ်ကြားပင်ကို ကမ္ဘာ့မြောက်ဘက်ပိုင်း သမပိုင်းဒေသများဖြစ်သည့် ဥရောပ၊ အာရှ၊ အမေရိကတိုက်တို့၌ မူလပေါက်ရောက်ခဲ့သည်။ အာရှတွင် မူရင်းပေါက်ရောက်ရာဒေသမှာ အီရန်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အေးသောရာသီဥတုရှိသည့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးဖြစ်ထွန်း၍ ပေါများစွာထွက်ရှိသည်။

**သစ်ကြားသီးတွင် ပါဝင်သော အာဟာရဓာတ်များ**

သစ်ကြားသီးတွင် အဆီဓာတ်များစွာ ပါဝင်သဖြင့် ယခင်ကလူအများစုက အဆီတက်ပြီး ဝခြင်း၊ သွေးကြောကျဉ်းခြင်းများဖြစ်နိုင်သည်ဟု ယုံကြည်ခဲ့ကြသည်။ သို့ရာတွင် နောက်ပိုင်း နိုင်ငံတကာ သုတေသနများအရ သစ်ကြားသီးတွင် ပါဝင်သည့် အဆီဓာတ်သည် လူကိုဒုက္ခဖြစ်စေသည့် အဆီဓာတ်မဟုတ်ဘဲ လူကိုအကျိုးပြုသည့်အဆီဓာတ်များဖြစ်နေကြောင်း တွေ့ရှိခဲ့ကြသည်။ ထိုအဆီဓာတ်များစွာထဲတွင် လူသားများကို ကောင်းကျိုးများစွာပြုသည့် အိုမီဂါ ၃ ( Omega 3 Fatty Acid)နှင့် အိုမီဂါ ၆ (Omega 6 Fatty Acid) တို့ အချိုးညီညီနှင့် များပြားစွာ ပါဝင်နေသည်။ ထို့ကြောင့် သစ်ကြားသီးတွင် အာဟာရဓာတ်များဖြစ်သည့် ဗီတာမင် A, B, C, E, K၊ ကယ်လိုရီ၊ မပြည့်ဝဆီ၊ ကျန်းမာသော အဆီဓာတ်များ၊ Omega-3 fatty acids များ၊ ပြည့်ဝဆီ၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ် (Fiber)၊ ရေဓာတ်၊ သကြားဓာတ်များပါဝင်ပြီး ဓာတ်တိုးဆန့်ကျင်သည့် အာနိသင်များ (Anti-oxidants) နှင့် ဖောလိတ်ဓာတ် (Folate)၊ သံဓာတ် (Fe)၊ ကယ်လစီယမ် (Ca)၊ မဂ္ဂနီစီယမ်(Mg)နှင့် ကော့ပါး (Cu) ကဲ့သို့ သတ္တုဓာတ်များလည်း ကြွယ်ဝစွာပါဝင်သောကြောင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည်။

**သွေးတွင်းကိုလက်စထရော ကျဆင်းစေခြင်း**

သစ်ကြားသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Anti-oxidant)၊ ပိုလီဖီနောလ်(Polyphenol)၊ ဗီတာမင် E တို့ပါဝင်သောကြောင့် သွေးတွင်းရှိ အကျိုးမပြုကိုလက်စထရောများကို ကျဆင်းစေပြီး အကျိုးမပြုကိုလက်စထရောပမာဏကို တိုးစေနိုင်သည်။

**ကိုယ်အလေးချိန်ကျစေသော သစ်ကြားသီး**

သစ်ကြားသီးတွင်ပါဝင်သည့် အမျှင်ဓာတ်များသည် အူတွင်းမှ အကျိုးပြုဗက်တီးရီးယားများကို ပေါက်ပွားစေသောကြောင့် ဝမ်းမှန်စေပြီး ကိုယ်အလေးချိန်ကို ထိန်းပေးသည်။

**အရွယ်မတိုင်ခင်အိုမင်းရင့်ရော်မှုကို တားဆီးပေးခြင်း**

သစ်ကြားသီးတွင် ပါဝင်သည့်ဗီတာမင်နှင့် အာဟာရဓာတ်များသည် အသားအရေကြည်လင်နုပျိုစေသည့်အစွမ်းသတ္တိရှိပါသည်။ သစ်ကြားသီးတွင် အခြားအစေ့အဆန်များထက် Anti-oxidants ပါဝင်မှုပိုများသဖြင့် နေလောင်ဒဏ်နှင့် ပတ်ဝန်းကျင်အညစ်အကြေးများမှတစ်ဆင့် အသားအရေပျက်စီးမှုမဖြစ်အောင် ကာကွယ်ပေးနိုင်သောကြောင့် အချိန်အတော်ကြာနုပျိုစေသည်။ ထို့အတူ သစ်ကြားသီးတွင် ကြွယ်ဝစွာပါဝင်သည့် ဗီတာမင် B ဓာတ်မှာ ကျန်းမာသည့်အရေပြားဆဲလ်အသစ်များ ထုတ်လုပ်နိုင်ရန် အထောက်အပံ့ဖြစ်စေသောကြောင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို တားဆီးပေးသည်။



**အသားအရေကို အစိုဓာတ်ရစေခြင်း**

သစ်ကြားသီးတွင် အသားအရေကောင်းမွန်စေသည့် သဘာဝအဆီဓာတ်တစ်မျိုးဖြစ်သော Omega 3 အာနိသင်ရှိသောကြောင့် ကိုယ်ခန္ဓာကိုယ်အတွင်း Omega 3 အဆီဓာတ်လုံလောက်စွာ ရှိခြင်းသည် အရေပြားအဆီထုတ်လုပ်မှုပမာဏကို ဟန်ချက်ညီစေသည့်အပြင် အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးနိုင်သောကြောင့် အရေးအကြောင်းကင်းစင်ပြီး အစိုဓာတ်ပြည့်ဝသည့် အသားအရေကို ရရှိစေသည်။

**ဝက်ခြံအများအပြားထွက်ခြင်းကို ကာကွယ်ပေးခြင်း**

သစ်ကြားသီးတွင်ပါဝင်သည့် အဆီအနှစ်များသည် အရေပြားယားယံခြင်းနှင့် အသားအရေနီမြန်းခြင်းတို့ကို သက်သာစေသောကြောင့် အသားအရေကို စိုပြည်စေပြီး ဝက်ခြံလျော့ပါးစေသည်။

**မျက်ကွင်းညိုခြင်းနှင့် မျက်အိတ်ဖောင်းအိခြင်းကို လျှော့ချပေးခြင်း**

သစ်ကြားသီးတွင် မျက်ကွင်းညိုခြင်းကို သက်သာစေသော ဗီတာမင် E ဓာတ်များပါဝင်သည့်အပြင် အိပ်ရာထသည့်အချိန် မျက်အိတ်ဖောင်းအိတတ်သည့်ပြဿနာကိုလည်း သက်သာစေသောကြောင့် မနက်ပိုင်းတွင် သစ်ကြားသီးလက်တစ်ဆုပ်စာခန့် စားသုံးသင့်သည်။

**ဦးရေပြားကို ပိုမိုကျန်းမာစေပြီး ဆံပင်အုံထူလာစေခြင်း**

သစ်ကြားသီးစားပေးခြင်းဖြင့် ဦးရေပြားအတွင်းပိုင်းနှင့် မွေးညင်းပေါက်များကို အားဖြည့်ပေးနိုင်သည့်အဆီအနှစ်များရရှိစေသောကြောင့် ဖောက်ထပြီးယားယံစေခြင်းနှင့် ဆံပင်ကျွတ်ခြင်းစသည့် ပြဿနာများကို ကာကွယ်ပေးနိုင်သည်။

**ကိုယ်အလေးချိန်ကို ထိန်းပေးခြင်း**

သစ်ကြားသီးတွင်ပါဝင်သည့် ကျန်းမာသည့်အဆီဓာတ်နှင့် အမျှင်ဓာတ်များသည် အစားအများကြီးမစားချင်ဘဲ အဆာခံပြီးပြည့်စေသည်။ သစ်ကြားသီးသုံးလုံးခန့်စားပြီးသည်နှင့် ထပ်မစားချင်အောင် ဗိုက်ပြည့်သွားတတ်သည်။ သစ်ကြားသီးတွင် ပါဝင်သည့် ကျန်းမာသည့်အဆီဓာတ်များသည် အစာခြေအားကိုကောင်းစေသည့်အပြင် အခြားမကောင်းသည့်အဆီများ ထပ်မကပ်နိုင်အောင် ကာကွယ်ပေးလိုက်သောကြောင့် ကိုယ်အလေးချိန်ကို ထိန်းပေးခြင်းဖြစ်သည်။

**စိတ်ဖိစီးမှုကို လျှော့ချပေးခြင်း**

သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးရုံမက သစ်ကြားသီးတွင်ပါဝင်သည့် မဂ္ဂနီဆီယမ်သည် အဆာခံစေပြီး ဆာလောင်ခြင်းကြောင့်ဖြစ်သည့် စိတ်ဖိစီးမှုများကို လျှော့ချပေးသည်။ စိတ်ဖိစီးမှုများလေ အစားစားချင်လေ ဖြစ်တတ်သည့် သဘောဖြစ်သည်။

**အစာခြေစနစ်ကို ကျန်းမာစေခြင်း**

သစ်ကြားသီးတွင် အစာခြေစနစ်တစ်လျှောက်တွင်ရှိသည့် အကျိုးပြုဗက်တီးရီးယားများကို အာဟာရဖြည့်ပေးနိုင်သည့် အာဟာရများ ပါဝင်သောကြောင့် ခန္ဓာကိုယ်နှင့်အစာခြေစနစ်မှ အကျိုးပြုဗက်တီးရီးယားများကိုပါ ကျန်းမာစေပြီး အစာခြေစနစ်ကို အကောင်းဆုံးအားဖြည့်ပေးသည်။

**သူငယ်ပြန်ရောဂါကို သက်သာစေခြင်း**

သစ်ကြားသီးတွင် ပါဝင်သည့် အိုမီဂါ ၃ အဆီဓာတ် (Omega 3 Fatty Acid) သည် ဦးနှောက်မှတ်ဉာဏ်ကောင်းမွန်စေရန်အတွက် မရှိမဖြစ်လိုအပ်သည်။ လူ့ဦးနှောက်သည် အဆီဓာတ် ၆၀ ရာခိုင်နှုန်းကျော်နှင့် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် Omega 3 Fatty Acid လိုအပ်သည်။ အဆိုပါဓာတ်နည်းလျှင် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းပြီး အာရုံစူးစိုက်နိုင်စွမ်းအားနည်းလာခြင်း၊ စိတ်ဓာတ်ကျလွယ်လာခြင်း၊ အယ်လ်ဇိုင်းမား ခေါ် သူငယ်ပြန်ရောဂါဖြစ်ပွားနိုင်ခြေ များလာခြင်းတို့ဖြစ်နိုင်သည်။ ထို့အတူ သစ်ကြားသီးတွင် ပါဝင်သည့် အိုမီဂါ ၆ အဆီဓာတ် (Omega 6 Fatty Acid) သည်လည်း ဦးနှောက်ကို တစ်စိတ်တစ်ပိုင်း အကျိုးပြုလျက်ရှိသည်။

**အာရုံကြောနှင့်အရိုးအဆစ် ရောင်ရမ်းနာကျင်မှုကို သက်သာစေခြင်း**

သစ်ကြားသီးတွင်ပါဝင်သည့် အိုမီဂါ ၆ အဆီဓာတ် (Omega 6 Fatty Acid) သည် အာရုံကြောနာကျင်ကိုက်ခဲမှု (Neuropathic Pain) နှင့် အရိုးအဆစ်ရောင်ရမ်းနာကျင်မှုများကို လျော့ပါးသက်သာစေနိုင်သည်။ သွေးဖိအားကိုလည်းလျော့နည်းစေပြီး နှလုံးရောဂါဖြစ်ပွားနိုင်ခြေကိုလည်း လျော့နည်းစေကာ အရိုးများ၏ကြံ့ခိုင်မှုကို ပိုမိုကောင်းမွန်စေသည်။

**ရောင်ရမ်းမှုကို လျော့ကျစေခြင်း**

သစ်ကြားသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝသောကြောင့် ခန္ဓာကိုယ်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် ဖြစ်တတ်သည့် ရောင်ရမ်းမှုများကို သက်သာစေသည်။ ထို့ပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် အမျိုးအစား (၂) ဆီးချို၊ သွေးတိုးရောဂါနှင့် နှလုံးရောဂါများ မဖြစ်ပွားစေရန် ကာကွယ်ပေးသည်။

**ဇီဝကမ္မဖြစ်စဉ်များကို မြှင့်တင်ပေးခြင်း**

သစ်ကြားသီးသည် သွေးတွင်းမှကောင်းသည့် အဆီများဖြစ်သည့် High-Density Lipoprotein (HDL) များကို တိုးမြှင့်ပေးပြီး ဇီဝကမ္မဖြစ်စဉ်ကို မြှင့်တင်ပေးသည်။ ဤကဲ့သို့ ဇီဝကမ္မဖြစ်စဉ် မြင့်တက်လာသောကြောင့် ကယ်လိုရီများ ပိုမိုလောင်ကျွမ်းပြီး အဆီပိုများ ကိုယ်ခန္ဓာမှတဖြည်းဖြည်းလျော့လာသောကြောင့် သစ်ကြားသီးသည် ကိုယ်အလေးချိန်ကို လျော့ကျစေသည့် အစေ့အဆန်တစ်ခုဖြစ်သည်။

**သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း**

သစ်ကြားသီးတွင်ပါဝင်သည့် ပရိုတင်း၊ ကျန်းမာသည့် အဆီများနှင့် မဂ္ဂနီစီယမ်သတ္တုဓာတ်က သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးသည်။ သွေးတွင်းသကြားဓာတ်များခြင်းသည် ကိုယ်အလေးချိန်တက်ခြင်းနှင့် ဆက်စပ်နေတတ်ပြီး သွေးတွင်းသကြားဓာတ်နည်းလျှင် အဆီများစုလာခြင်းကို လျှော့ချပေးမည်ဖြစ်သည်။

**ဆီးချိုရောဂါကို ကာကွယ်ပေးခြင်း**

သစ်ကြားသီးသည် အမျိုးအစား (၂) ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်သည်။ သစ်ကြားသီးကို နေ့စဉ်လက်ဖက်ရည်ဇွန်းတစ်ဇွန်းခွဲခန့် စားပေးခြင်းဖြင့် အမျိုးအစား (၂) ဆီးချိုရောဂါဖြစ်နိုင်ခြေကို ၄၇ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။ ဆီးချိုရောဂါခံစားနေရသူများအနေဖြင့်လည်း သစ်ကြားသီးစားသုံးပေးမည်ဆိုလျှင် ဆီးချိုကြောင့်ဖြစ်လာနိုင်သည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးခြင်း**

သစ်ကြားသီးတွင် Polyphenol Ellagitannis ကြွယ်ဝစွာပါဝင်မှုကြောင့် ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ သစ်ကြားသီးစားသုံးပေးခြင်းဖြင့် ဟော်မုန်းကြောင့်ဖြစ်တတ်သည့် ကင်ဆာများကို ကာကွယ်ရာရောက်သည်။

**အဆီများလောင်ကျွမ်းရန် အားပေးခြင်း**

သစ်ကြားသီးတွင်ပါဝင်သည့် Omega-3 Fatty Acids သည် အဆီလောင်ကျွမ်းခြင်းကို အားပေးသည့်အတွက် ကိုယ်တွင်း၌စုနေသည့်အဆီများကို ချေဖျက် ပေးမည်ဖြစ်သည်။

**နှလုံးကျန်းမာစေခြင်း**

သစ်ကြားသီးတွင် Alpha-Linolenic Acid (ALA) ဟုခေါ်သည့် အပင်မှရသည့် Omega-6 Fatty Acid တစ်မျိုးပါဝင်သောကြောင့် သွေးကြောများကို ကျန်းမာစေပြီး နှလုံးသို့သွေးစီးဆင်းရောက်ရှိမှုကောင်းစေသောကြောင့် နှလုံးကျန်းမာစေသည်။ သစ်ကြားသီးစားသုံးပေးခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးနိုင်ခြေကို ၁၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ဟု လေ့လာမှုများအရသိရှိရသည်။

**သွေးတိုးကျစေခြင်း**

သစ်ကြားသီးတွင် အကျိုးပြုအဆီများပါဝင်သည့် အစေ့အဆန်များသည် နှလုံးကျန်းမာရေးကို အကျိုး

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာ စတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် သင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားရေးဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှ အဆက်

ပြုကြောင်း သိထားပြီးဖြစ်သည်။ နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေရှိသူများသည် အဆီနည်းသည့် စားသောက်မှုပုံစံနှင့်စားသောက်ပြီး သစ်ကြားသီးကို တွဲဖက်စားသုံးမည်ဆိုပါက သွေးတိုးကျစေနိုင်သည်။ ပြည့်ဝဆီကိုရှောင်ပြီး သစ်ကြားသီးကဖြစ်စေ၊ ဟင်းသီးဟင်းရွက်ဆီများကဖြစ်စေ မပြည့်ဝဆီနှင့်အစားထိုးခြင်းဖြင့် နှလုံးသွေးကြောနှင့် ပတ်သက်သည့်အကျိုးကျေးဇူးများ ရရှိစေနိုင်သည်ဟု သုတေသီများက ဆိုကြသည်။ သစ်ကြားသီးတွင်ပါဝင်သည့် အကျိုးပြုအဆီဓာတ်ထက်ပိုသည့် အမျှင်ဓာတ်ကဲ့သို့ ဇီဝဒြပ်ပေါင်းများကြောင့် သစ်ကြားသီးစားသုံးပေးခြင်းဖြင့် အကျိုးပိုများခြင်းဖြစ်နိုင်သည်။ သစ်ကြားသီးတွင် Alpha-Linolenic Acid (ALA) ဟုခေါ်သည့် အပင်ထွက် Omega-3 ပါဝင်သည့်သွေးဖိအားအပေါ် အကျိုးပြုသက်ရောက်မှုရှိစေသည်ဟု သုတေသီများမှ ယုံကြည်ထားသည်။

**သစ်ကြားသီးအနှစ်ချုပ်**

သစ်ကြားသီးတွင် သတ္တုဓာတ်များအများအပြား ပါဝင်သောကြောင့် ကိုယ်အလေးချိန်လျှော့ချချင်နေသူများအတွက် အမှန်တကယ်အားထား၍ရသည့် အစေ့အဆန်တစ်မျိုးဖြစ်သည်။ ထို့ပြင် ကိုယ်တွင်းရောင်ရမ်းခြင်းများကိုလည်း လျှော့ချပေးနိုင်ပြီး ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အူမကြီးကင်ဆာကဲ့သို့ ကြောက်စရာကောင်းသည့် ကင်ဆာရောဂါများမှလည်း ကာကွယ်ပေးသည့်အပြင် နှလုံး၊ သွေးတိုးနှင့်ဆီးချိုရောဂါများမဖြစ်ပွားအောင်လည်း ထိန်းညှိပေးနိုင်သည်။ သစ်ကြားသီး ၁၂ လုံးမှ ၁၄ လုံးခန့် စားသုံးလိုက်လျှင် ကယ်လိုရီ ၁၉၀ ခန့် ရသော်လည်း သစ်ကြားသီးထဲတွင်ပါဝင်သည့် အဆီဓာတ်များမှာ ကိုယ်အလေးချိန်တက်စေခြင်း၊ ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေခြင်း တစ်ခုမျှမရှိဟု သိရသည်။ ဤကဲ့သို့အကျိုးပြုဓာတ်များ စုံလင်စွာ ပါဝင်သည့်သစ်ကြားသီးကို နေ့စဉ်စားသုံးပေးခြင်းဖြင့် အသားအရေလှပစိုပြည်စေခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ သွေးတွင်းအဆီဓာတ်ကျခြင်း၊ နှလုံးကိုကျန်းမာစေပြီး ကင်ဆာရောဂါတချို့ကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ပုံရိပ်

\- သင့်လုပ်ရပ် အတိုင်းသာ
ပြန်ရမှာ သတိချပ်၊
ကံဟူသည် လာဘ်မစား
ယုံထားလို့မှတ်။

\- အများပေါ် မငဲ့ကွက်
လှည့်ထွက်လို့ အနိုင်ယူပြန်
ဆိုးတဲ့အကြံ၊
လုပ်ရပ်က မှုမမှန်
သင့်ထံသို့ လာမည်ကွဲ့၊
သံသရာ ဘုံတစ်ကွေ့မှာ
ဆုံတွေ့မည်ဟဲ့။

\- လူဆိုသည် အကြောင်းအကျိုး
အကောင်းအဆိုး နားလည်ပါ၊
ကိုယ်ချင်းစာ စိတ်ထားလို့
အားပေးရမှာ၊
ပရစိတ်နှင့် ကူညီရာ
လူ့ပြည်ရွာ သာစေရေး၊
အတ္တကို အမြစ်ဖြတ်မှ
မြင့်မြတ်မယ်လေး။ ။

ဖိုးပြည့်(ပတ္တမြား)

# အောင်လံမြို့နယ် မိုးကောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**အောင်လံ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတိုးချဲ့ဆောင်ရွက်မည့် မိုးကောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၁၈ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက စီမံကိန်း လက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည့်ကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးကောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ အသုံးပြု၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလှိုင်**

# နိုင်ငံတကာ သတင်းများ



## မောင်းသူမဲ့လေယာဉ်စမ်းသပ်မှုများကို မြောက်ကိုရီးယားခေါင်းဆောင်ကိုယ်တိုင် ကြီးကြပ်

ပြုံယမ်း စက်တင်ဘာ ၁၉

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စက်တင်ဘာ ၁၈ ရက်တွင် ပြုလုပ်ခဲ့သော မောင်းသူမဲ့လေယာဉ် စမ်းသပ်မှုများကို ကိုယ်တိုင်ကြီးကြပ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၁၈ ရက် မောင်းသူမဲ့လေယာဉ် စမ်းသပ်မှုတွင် မြောက်ကိုရီးယား တပ်များသည် ကမ်ဆောင်အမည်ရှိတိုက်ခိုက်ရေး မောင်းသူမဲ့ လေယာဉ်များကို စမ်းသပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်မှုများတွင် ကမ်ဆောင်နည်းဗျူဟာမြောက် တိုက်ခိုက်ရေး မောင်းသူမဲ့ လေယာဉ်များ၏ စွမ်းဆောင်ရည်များကို မြောက်ကိုရီးယား ခေါင်းဆောင်အနေဖြင့် များစွာ ကျေနပ်အားရခဲ့ကြောင်း ကေစီအင်န်အေသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကမ်ဆောင် မောင်းသူမဲ့ လေယာဉ်များ၏စွမ်းဆောင်ရည်ကို အသိဉာဏ်တုနည်းပညာ(အေအိုင်) အကူအညီဖြင့်မြှင့်တင်ရန် ကင်ဂျုံအန်က သက်ဆိုင်ရာတာဝန်ရှိသူများကို တိုက်တွန်းခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည်အေအိုင်နည်းပညာ အသုံးပြုထားသော အသေခံတိုက်ခိုက်ရေးမောင်းသူမဲ့လေယာဉ်များ စမ်းသပ်မှုကို ကိုယ်တိုင်ကြီးကြပ်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက် မောင်းသူမဲ့လေယာဉ်စမ်းသပ်မှုတွင် မြောက်ကိုရီးယားတပ်မတော်သည် မဟာဗျူဟာမြောက် မောင်းသူမဲ့ ကင်းထောက် လေယာဉ်တစ်စင်းကိုလည်း စမ်းသပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## နိုင်ဂျီးရီးယား၌ အဆောက်အအုံ မီးလောင်မှုဖြစ်ပွား၊ အနည်းဆုံး ၁၀ ဦး သေဆုံး၍ ၂၅ ဦး ဒဏ်ရာရရှိ

လာဂို့စ် စက်တင်ဘာ ၁၉

နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့၌ အဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ဦးသေဆုံး၍ ၂၅ဦး ဒဏ်ရာများရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အာဖရီလန်းတာဝါ အမည်ရှိ အဆိုပါခုနစ်ထပ်အဆောက်အအုံ မီးလောင်မှုသည် စက်တင်ဘာ ၁၆ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆောက်အအုံ မီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူများမှာ ယင်းအဆောက်အအုံ၌ အလုပ်လုပ်နေကြသည့် ဝန်ထမ်းအလုပ်သမားများဖြစ်ကြကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

မီးလောင်မှုကြောင့် ဒဏ်ရာရသူများအနက် အများစုမှာ မီးလောင်ဒဏ်ရာရရှိသူများဖြစ်ကြကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအပြင် မီးလောင်မှုဖြစ်ပွားစဉ်အဆောက်အအုံတတိယထပ်နှင့် စတုတ္ထထပ်တို့မှ ခုန်ချခဲ့သူများလည်းရှိခဲ့ရာ အရိုးကျိုးဒဏ်ရာရသူများလည်းရှိခဲ့ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အာဖရီလန်းတာဝါအဆောက်အအုံမီးလောင်မှုသည် လျှပ်စစ်ပစ္စည်းများ တပ်ဆင်ထားသော မြေညီထပ်၌ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ အစိုးရအဖွဲ့သစ်လူစာရင်းကို ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်း အတည်ပြုလက်ခံ

ဗန်ကောက် စက်တင်ဘာ ၁၉

ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ အစိုးရအဖွဲ့သစ်လူစာရင်းကို ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်းက ယနေ့တွင် အတည်ပြု လက်ခံထားကြောင်း သိရသည်။

ထိုင်းဘုရင်မင်းမြတ်၏ အတည်ပြုချက်ရရှိခဲ့ပြီးနောက်ပိုင်း အစိုးရအဖွဲ့သစ်အနေဖြင့် ကျမ်းသစ္စာကျိန်ဆို၍ လွှတ်တော်သို့ မူဝါဒရေးရာကြေညာချက်တင်သွင်းနိုင်တော့မည်ဖြစ်သည်။

ဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ ထိုင်းအစိုးရအဖွဲ့သစ်တွင် ဝန်ကြီးအဖွဲ့ဝင် ၃၆ ဦးပါဝင်ကြောင်း သိရသည်။

အစိုးရအဖွဲ့သစ်၏ ပြည်ထဲရေးဝန်ကြီးရာထူးကို ဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်ကိုယ်တိုင် တွဲဖက်ရယူထားကြောင်း ထိုင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။




ဝန်ကြီးချုပ်ဟောင်း ပေထုန်တန်ရှင်နာဝပ်ကို ကျင့်ဝတ်ချိုးဖောက်မှုဖြင့် ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် ဘမ်ဂျိုင်ထိုင်းပါတီခေါင်းဆောင် အနူတင်ချန်ဗီရာကူးလ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းလွှတ်တော်က စက်တင်ဘာ ၅ ရက်တွင်ရွေးချယ်တင်မြှောက်ခဲ့သည်။

အသက် ၅၉နှစ်အရွယ် အနူတင်ချန်ဗီရာကူးလ်သည် ထိုင်းနိုင်ငံ၏ ၃၂ ယောက်မြောက် ဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဩစတြီးယားနှင့် အီတလီနိုင်ငံတို့ကိုချိတ်ဆက်ပေးမည့် အော့ပ်တောင်တန်းဖြတ် မြေအောက်ဥမင်ဖောက်လုပ်မှု အောင်မြင်စွာပြီးဆုံး




ရောမ စက်တင်ဘာ ၁၉

ဩစတြီးယားနှင့် အီတလီနိုင်ငံတို့ကို ချိတ်ဆက်ပေးမည့် အော့ပ်တောင်တန်းဖြတ် မြေအောက်ဥမင်လမ်း ဖောက်လုပ်မှုမှာ စက်တင်ဘာ ၁၈ ရက်တွင် အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း အီတလီအစိုးရတာဝန်ရှိသူများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၁၈ ရက်တွင် ကျွမ်းကျင် အလုပ်သမားများက ဘရန်နာဘေ့စ်အမည်ရှိမြေအောက်ဥမင်လမ်း၏ နောက်ဆုံးကျောက်သားလွှာကို ဖယ်ရှားနိုင်ခဲ့ကြောင်း သိရသည်။

ဘရန်နာဘေ့စ် မြေအောက်ဥမင်လမ်းကြောင်းသည် ဥရောပမြောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို ချိတ်ဆက်ပေးမည့် မြန်နှုန်းမြင့်ရထားလမ်းကြောင်း၏ အစိတ်အပိုင်း ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

အရှည် ၃၄ မိုင်ရှိသော ဘရန်နာဘေ့စ် မြေအောက်ဥမင်လမ်းသည် ကမ္ဘာ့အရှည်လျားဆုံး ရထားလမ်း မြေအောက်ဥမင်လမ်းဖြစ်သည်။

ဘရန်နာဘေ့စ် မြေအောက် ဥမင်ရထားလမ်းအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ ယူရိုငွေ ၈ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ)ထိ ရှိနိုင်ကြောင်း အီတလီအစိုးရ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဘရန်နာဘေ့စ် မြေအောက်ဥမင် ရထားလမ်းကြောင်းပေါ်၌ ရထားများပြေးဆွဲမှုကို ၂၀၃၂ ခုနှစ်တွင် စတင်နိုင်ဖွယ်ရှိကြောင်း အီတလီအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဂါဇာဆုံးဖြတ်ချက်ကို ဗီတိုအာဏာသုံး၍ အမေရိကန်နိုင်ငံ ပယ်ချ

နယူးယောက် စက်တင်ဘာ ၁၉

ဂါဇာကမ်းမြောင်ဒေသ၌ခြွင်းချက်မရှိ အပစ်အခတ် ချက်ချင်းရပ်စဲရန်တောင်းဆိုထားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို အမေရိကန်နိုင်ငံက စက်တင်ဘာ ၁၈ ရက်တွင် ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင် ၁၀ နိုင်ငံတို့က ပူးတွဲရေးဆွဲထားသည့် အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို စက်တင်ဘာ ၁၈ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါမဲခွဲပွဲတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ၁၄ နိုင်ငံတို့က ဆုံးဖြတ်ချက်မူကြမ်းကို ထောက်ခံမဲ ပေးခဲ့သော်လည်း အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဂါဇာပဋိပက္ခဆုံးဖြတ်ချက်မူကြမ်းများကို တားဆီးရေးအတွက် ဗီတိုအာဏာကို ဆဋ္ဌမအကြိမ်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၈ ရက်တွင် မဲခွဲခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတွင် ဖမ်းဆီးထားသော ဓားစာခံများအား ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန်လည်း ဟားမတ်စ်အုပ်စုကို တောင်းဆိုထားသည်။

အမေရိကန်နိုင်ငံသည် မဟာမိတ်အစ္စရေးနိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အစဉ်အလာအားဖြင့် အကာအကွယ်ပေးထားလေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အပိုးဖစ်ဂြိုဟ်သိမ်ကို ၂၀၂၉ ခုနှစ်အတွင်း ကမ္ဘာ့ပြည်သူ နှစ်ဘီလီယံထိ တွေ့မြင်နိုင်ဖွယ်ရှိ



**ဝါရှင်တန် စက်တင်ဘာ ၁၉**

အပိုးဖစ်အမည်ရှိ ဂြိုဟ်သိမ် ၂၀၂၉ ခုနှစ်အတွင်း ကမ္ဘာကိုအနီးကပ် ဖြတ်ကျော်ပျံသန်းချိန်တွင် ၎င်းဂြိုဟ်သိမ်ကို ကမ္ဘာ့ပြည်သူ နှစ်ဘီလီယံထိ သာမန်မျက်စိဖြင့် တွေ့မြင်နိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အချင်းမီတာ ၃၄၀ ရှိသော အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာ့ဂြိုဟ်ကို မိုင်ပေါင်း ၂၀၀၀၀ ခန့်အကွာမှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းမည် ဖြစ်သည်။

အမေရိကန်နိုင်ငံ မက်ဘာချူး ဆက်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် အပိုးဖစ် ဂြိုဟ်သိမ်ကို ကမ္ဘာ့ပြည်သူ နှစ်ဘီလီယံခန့်ထိ သာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အပိုးဖစ်ကဲ့သို့ အရွယ်အစားကြီးမားသည့် ဂြိုဟ်သိမ်တစ်စင်း ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၂၀၀၀၀ ခန့်အကွာမှ ဖြတ်ကျော်ပျံသန်းမှုသည် အလွန်ရှားပါးပြီး နှစ်ပေါင်း ၇၅၀၀ လျှင် တစ်ကြိမ်မျှသာဖြစ်ပွားတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အပိုးဖစ်ဂြိုဟ်သိမ် အနီးကပ်ဖြတ်သန်းမှုကို အာဖရိကတိုက်တစ်ခုလုံးနှင့် အနောက်ဥရောပတို့မှပြည်သူ နှစ်ဘီလီယံတို့ သာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဆိုက်ဂနက်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ် ပတ်လမ်းပေါ်၌ ဒုံးကန်အားစနစ်ပြဿနာနှင့်ရင်ဆိုင်နေရ

**ဝါရှင်တန် စက်တင်ဘာ ၁၉**

နော့ရော့ဂရူးမင်း ကုမ္ပဏီ၏ ဆိုက်ဂနက် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် ပတ်လမ်းပေါ်၌ ဒုံးကန်အားစနစ် ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်နေရကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများတွင်ဖော်ပြထားသည်။

ဆိုက်ဂနက် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းဆီသို့ လွှတ်တင်ခဲ့ပြီး နှစ်ရက်အကြာတွင် ဒုံးကန်အားစနစ် ပြဿနာနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ကြောင်း သိရသည်။

ဒုံးကန်အားစနစ် ပြဿနာကြောင့် ဆိုက်ဂနက်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်အနေဖြင့် စီစဉ်ထားသည့်အတိုင်း စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခြင်းမရှိခဲ့ကြောင်း နော့ရော့ဂရူးမင်းကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

နော့ရော့ဂရူးမင်းကုမ္ပဏီသည် ဆိုက်ဂနက် အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်ကို စက်တင်ဘာ ၁၄ ရက်တွင် စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



ဆိုက်ဂနက် အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်အနေဖြင့် မည်သည့်အချိန်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်မည်ကို ဆန်းစစ်နေဆဲဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် ရိက္ခာလောင်စာနှင့် သိပ္ပံပညာ စမ်းသပ်ပစ္စည်းပေါင်း ၁၁၀၀၀ ထိ သယ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## Starship အာကာသယာဉ်ကို ပစ်စင်ရှိရာဆီသို့ စပေ့စ်အိတ်ကုမ္ပဏီ ရွှေ့ပြောင်းထား

**ဝါရှင်တန် စက်တင်ဘာ ၁၉**

Starship ဒုံးပျံယာဉ် ၁၁ ကြိမ်မြောက် စမ်းသပ်မှုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Starship အာကာသယာဉ်ကို ပစ်စင်ရှိရာသို့ ရွှေ့ပြောင်းထားကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ပြီးခဲ့သည့် ဩဂုတ် ၂၆ ရက်တွင် Starship အာကာသဒုံးပျံယာဉ် ၁၀ ကြိမ်မြောက်ပစ်လွှတ်စမ်းသပ်မှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် Starship အာကာသဒုံးပျံယာဉ် ၁၁ ကြိမ်မြောက် ပစ်လွှတ်စမ်းသပ်မှုအတွက် Starship အာကာသယာဉ်ကို စပေ့စ်အိတ်ကုမ္ပဏီက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

၁၁ ကြိမ်မြောက် Starship အာကာသဒုံးပျံယာဉ်စမ်းသပ်လွှတ်တင်မှုကို ဆောက်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်း၌ပြုလုပ်ရန် စပေ့စ်အိတ်က စီစဉ်ထားပြီး လွှတ်တင်မည့်အချိန်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Starship အာကာသဒုံးပျံယာဉ်သည် စူပါဟဲဗီးပင်မဒုံးယာဉ်နှင့် Starship အာကာသယာဉ်တို့ကို ပေါင်းစပ်ထားသော အာကာသဒုံးပျံယာဉ်ဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များဆီသို့ လူသားများ ပို့ဆောင်ရေးအတွက် Starship အာကာသဒုံးပျံယာဉ်များ တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ပုံမှန်မျက်စိစစ်ဆေးမှုများဖြင့် သွေးကင်ဆာရောဂါများကို စောစောစီးစီးဖော်ထုတ်နိုင်

**နယူးယောက် စက်တင်ဘာ ၁၉**

ပုံမှန်မျက်လုံးစစ်ဆေးမှုများဖြင့် သွေးကင်ဆာရောဂါများကို စောစောစီးစီးရှာဖွေဖော်ထုတ်နိုင်ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မျက်လုံးစစ်ဆေးမှုများသည် သွေးကင်ဆာရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်မားလာမှုနှင့် ဆက်စပ်နေတတ်သော အနုစိတ်အပြောင်းအလဲများကို ရှာဖွေထောက်လှမ်းပေးနိုင်ကြောင်း သိရသည်။

ကျန်းမာရေးပုံမှန်ရှိသူများနှင့် နှိုင်းယှဉ်ပါက မျက်စိမြင်လွှာပြင်၌ အနုစိတ်အပြောင်းအလဲများရှိနေသူများမှာ သွေးကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေ ပုံမှန်ထက်မြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၁၃၀၀ ကျော်တို့၏ မျက်စိစစ်ဆေးမှုရလဒ်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ မျက်စိ၌ အနုစိတ်အပြောင်းလဲများ ပေါ်ထွက်နေသူများအနေဖြင့် နောင်လာမည့် ၁၀ နှစ်အတွင်း Myeloma သွေးကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ခုနစ်ဆမြင့်တက်နေတတ်ကြောင်း သိရသည်။

အလားတူ မျက်စိ၌အနုစိတ်အပြောင်းအလဲများရှိနေသူများမှာ လာမည့် ၁၀ နှစ်အတွင်း Leukaemia သွေးကင်ဆာဖြစ်နိုင်ခြေ နှစ်ဆ မြင့်တက်လာနိုင်သည်ကိုလည်း တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## မြေထဲပင်လယ်ဓာတ်စာ စားသုံးမှုက သွားဖုံးကျန်းမာရေးကို ထိန်းပေးနိုင်ဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၁၉**

မြေထဲပင်လယ်ဓာတ်စာ (Mediterranean diet) စားသုံးမှုသည် သွားဖုံးကျန်းမာရေးကို ထိန်းပေးထားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာ စားသုံးသူများ၏ သွားဖုံးကျန်းမာရေးမှာ ပိုကောင်း လာတတ်ကြောင်း သိရသည်။

သို့ရာတွင် မြေထဲပင်လယ်ဓာတ်စာ မစားသုံးသူများ၌မူ ပြင်းထန်သည့် သွားဖုံးရောဂါဖြစ်နိုင်ခြေ မြင့်မားနေတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် မြေထဲပင်လယ်ဓာတ်စာပုံစံအစား အနီရောင်အသားများကို ပိုမိုစားသုံးသူများ၌ ပြင်းထန်သည့်သွားဖုံးရောင်ရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာ စားသုံးသူများ၌ Interleukin-6 နှင့် Creactive protein ကဲ့သို့သော ရောင်ရမ်းမှုဇီဝလက္ခဏာများပေါ်ထွက်မှုနည်းပါးသွားတတ်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

မြေထဲပင်လယ်ဓာတ်စာသည် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပဲနှင့် သံလွင်ဆီတို့ အဓိကပါဝင်သော ဓာတ်စာပုံစံဖြစ်သည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ချန်ပီယံလိဂ်သွင်းဂိုး ၅၀ အမြန်ဆုံးပြည့်မြောက်သည့် ကစားသမားအဖြစ် တိုက်စစ်မှူး ဟာလန်း မှတ်တမ်းဝင်



**မန်ချက်စတာ စက်တင်ဘာ ၁၉**

မန်စီးတီးအသင်းက နာပိုလီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူးဟာလန်းက အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၅၀ အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တိုက်စစ်မှူး ဟာလန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲကို ဆဲလ်ဘတ်အသင်းနှင့်ကစားခဲ့ရာ ခြောက်ပွဲတွင် ရှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဒေါ့မွန်အသင်းနှင့် ၁၃ ပွဲတွင် ၁၅ ဂိုး၊ မန်စီးတီးအသင်းနှင့် ပွဲ ၃၀ ကစားခဲ့ရာတွင် ၂၇ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် စုစုပေါင်း ၄၉ ပွဲတွင် သွင်းဂိုး ၅၀ ထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ် ပြိုင်ပွဲသမိုင်းတွင် တိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်းက ၆၂ ပွဲဖြင့် သွင်းဂိုး ၅၀၊ တိုက်စစ်မှူးမက်ဆီက ၆၆ ပွဲဖြင့် သွင်းဂိုး ၅၀၊ တိုက်စစ်မှူး လီဝမ်ဒေါစကီးက ၇၇ ပွဲဖြင့် သွင်းဂိုး ၅၀၊ တိုက်စစ်မှူး စီရော်နယ်ဒိုက ၉၁ ပွဲဖြင့် သွင်းဂိုး ၅၀ သွင်းယူနိုင်ခဲ့ပြီး ဟာလန်းက ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၅၀ ပြည့်မြောက်သည့် စံချိန်သစ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းသည် ပွဲထွက်ကစားသမားအဖြစ်ပါဝင်၍ မန်စီးတီးအသင်းတိုက်စစ်ကို ဦးဆောင်လာခဲ့ပြီး ပထမပိုင်းတွင် ဆက်တိုက်ဖိအားပေးခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဒုတိယပိုင်းပွဲကစားချိန်တွင် ပွဲချိန် ၅၆ မိနစ်တွင် ဟာလန်း၊ ပွဲချိန် ၆၅ မိနစ်တွင် ဒိုကူတို့၏ သွင်းဂိုးများကြောင့် နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# ဝုဗ်အသင်းက ရလဒ်ဆိုးရွားနေသည့် နည်းပြပါရဲရားကို စာချုပ်သစ်ထပ်မံချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၁၉**

ဝုဗ်အသင်းသည် ရလဒ်ဆိုးရွားနေသည့် နည်းပြပါရဲရားကို သုံးနှစ်စာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း သိရသည်။

နည်းပြ ပါရဲရားသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ဝုဗ်အသင်းကို စတင် တာဝန်ယူခဲ့ပြီးနောက် အမှတ်ပေးဇယားအဆင့်(၁၉)နေရာတွင် ရောက်ရှိနေသည့်အသင်းကို ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အဆင့်(၁၆)သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အသက် ၅၇ နှစ်ရှိ ပါရဲရားသည် ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးပြိုင်ပွဲ လေးပွဲစလုံး ရှုံးနိမ့်၍ အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသော်လည်း ၎င်း၏ စွမ်းဆောင်ရည်ကို အသင်းတာဝန်ရှိသူများက ယုံကြည်နေသောကြောင့် ၂၀၂၈ ခုနှစ်ထိ သုံးနှစ်သက်တမ်းတိုးခဲ့သည်။

နည်းပြ ပါရဲရားက "ပရီးမီးယားလိဂ်ဟာ ကမ္ဘာမှာအကောင်းဆုံးလိဂ်တစ်ခုပါ။ ဒီလိုလိဂ်မှာ နည်းပြနိုင်ဖို့ ကျွန်တော့်ကို အခွင့်အရေးပေးတဲ့ ဝုဗ်အသင်းကိုလဲ ကျေးဇူးတင်ပါတယ်။ လက်ရှိမှာလဲ ကျွန်တော့်ကို ဆက်လက်ယုံကြည်ပေးတဲ့အတွက် အရမ်းဂုဏ်ယူပါတယ်။ ဒီမှာရှိတဲ့ နည်းပြအဖွဲ့တွေ အသင်း ပရိသတ်တွေကလဲ ကျွန်တော့်ကို မိသားစုလို ဆက်ဆံကြပါတယ်။ အသင်းကို ဒီထက်တိုးတက်လာအောင် လုပ်ဆောင်သွားမှာပါ။ လက်ရှိမှာတော့ ကျွန်တော်တို့အားလုံး အရင်ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**



# ဝက်စ်ဟမ်းအသင်းက ကစားသမားဟောင်း အိုနေးကို နည်းပြသစ်ခန့်အပ်ရန် ဆုံးဖြတ်

**လန်ဒန် စက်တင်ဘာ ၁၉**

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြပေါ်တာ၏နေရာတွင် ကွင်းလယ်ကစားသမားဟောင်း အိုနေးဖြင့် အစားထိုးရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသင်းအနေဖြင့် နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် စပါးအသင်းကို အိမ်ကွင်း၌ သုံးဂိုး ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့ပြီးနောက် ရာထူးမှထုတ်ပယ်ရန် စီစဉ်ခဲ့ပြီး နည်းပြသစ်ခန့်အပ်ရန် ရှာဖွေခဲ့ရာ အသင်း ကွင်းလယ်ကစားသမားဟောင်းအိုနေးကို ပြန်လည်ခန့်အပ်ရန် ဦးစားပေးဆုံးဖြတ်ထားသည်။

ဝက်စ်ဟမ်းအသင်း တာဝန်ရှိသူများသည် ပေါ်တာ၏အနာဂတ်ကို လာမည့် ဘုန်းမောက်အသင်းနှင့် ဝုဗ်အသင်းတို့ပွဲစဉ်ထိ ဆက်လက် စောင့်ကြည့်သွားမည်ဖြစ်ပြီး ရလဒ်ပိုင်း တိုးတက်လာခြင်းမရှိပါက အိုနေးဖြင့် အစားထိုးနိုင်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဝက်စ်ဟမ်း အသင်းသည် နည်းပြပေါ်တာကို ထုတ်ပယ်ပါက ဘဏ္ဍာရေးအခက်အခဲရှိနေသဖြင့် ဆက်လက် စောင့်ကြည့်နေရခြင်းဖြစ်ပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် အိုနေးကို ခန့်အပ်ပါက အကုန်အကျ နည်းပါးနိုင်သောကြောင့် အိုနေးသည် ဝက်စ်ဟမ်းအသင်းကခန့်အပ်မည့် နည်းပြစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# အင်တာမီယာမီအသင်းက မက်ဆီကို လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

**မီယာမီ စက်တင်ဘာ ၁၉**

မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် အဓိကကစားသမားမက်ဆီကို လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် အင်တာမီယာမီအသင်းထံ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။



အင်တာမီယာမီ အသင်းသည် အသင်းကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် အသင်းပုံရိပ်မှာ ခဏတာအတွင်း ကလပ်အသင်း ဖြစ်သော်လည်း သိသိသာသာ မြင့်တက်လာခဲ့ပြီး မက်ဆီကို ခေါ်ယူခဲ့ပြီးနောက် ထိပ်တန်းအသင်း အဖြစ်ပင် ရပ်တည်နိုင်ခဲ့သည်။

အင်တာမီယာမီ အသင်းသည် မက်ဆီကို ခေါ်ယူခဲ့ပြီးနောက် ဘာစီလိုနာ အသင်းဖော်ဟောင်းများဖြစ်ကြသည့် ဆွာရက်ဇ်၊ ဘက်စ်ကွက်နှင့် အယ်ဘာတို့ကိုပါ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာမီယာမီ အသင်းက အသင်းပုံရိပ် ကစားသမားတစ်ဦးဖြစ်သည့်မက်ဆီကို လက်မလွှတ်လိုသေးသည့်အတွက် စံချိန်တင် လုပ်ခလစာဖြင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ပြီး ဝင်ငွေအကောင်းဆုံး ကစားသမားတစ်ဦး ဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : STA**

## အားကစားသတင်းအတိုအထွာများ

- အေတီကိုအသင်းက လီဗာပူးအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အေတီကိုအသင်းနည်းပြဆီမြွန်နီနှင့် ဝန်ထမ်းများက လီဗာပူးအသင်းပရိသတ်များကို ရန်လိုမှုပြုလုပ်သည့် ရုပ်သံပေါ်ထွက်လာသည့်အတွက် ယူအီးအက်ဖ်အေက စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ကွင်းလယ်ကစားသမား မိုင်နူးကို မန်စီးတီးအသင်းကလည်း ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- စပါးအသင်းက ခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ဗန်ဒီဗန်ကို လုပ်ခလစာ နှစ်ဆတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းနေသော်လည်း လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းက အပြိုင်ကမ်းလှမ်းလျက်ရှိသည်။

**ML**

# Billie Jean King Cup တင်းနစ်ပြိုင်ပွဲတွင် ဂရိတ်ဗြိတိန်အသင်းက ဂျပန်အသင်းကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့တက်ရောက်



**ရှန်ဇန် စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံ ရှန်ဇန်မြို့တွင် ကျင်းပနေသည့် Billie Jean King Cup တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂရိတ်ဗြိတိန်အသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂရိတ်ဗြိတိန်အသင်းက (၂-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂရိတ်ဗြိတိန် အသင်းသည် တစ်ဦးချင်း ပွဲစဉ်နှစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ယောက်တွဲပွဲစဉ်အား ယှဉ်ပြိုင်ကစားရန် မလိုဘဲ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

တစ်ဦးချင်းပွဲစဉ်၏ ပထမပွဲစဉ်အဖြစ် ဂရိတ်ဗြိတိန်အသင်းမှ ကာတယ်က ဂျပန်အသင်းမှ ရှီဘာဟာရာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကာတယ်က (၆-၃ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဂရိတ်ဗြိတိန်အသင်း (၁-၀) ရလဒ်ဖြင့် ဦးဆောင်ခွင့်ရရှိခဲ့သည်။

တစ်ဦးချင်းဒုတိယပွဲစဉ်အဖြစ် ဂရိတ်ဗြိတိန်အသင်းမှ ကေတီဘိုတာက ဂျပန်အသင်းမှအူချီဂျီမာနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး ကေတီဘိုတာက (၆-၂၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ဂရိတ်ဗြိတိန်အသင်းက (၂-၀) ရလဒ်ဖြင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဂရိတ်ဗြိတိန် အသင်းအတွက် အဖွင့်ပွဲစဉ်တွင် အနိုင်ရလဒ် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ကာတယ်က "ကျွန်မအနေနဲ့ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ကျွန်မရဲ့ အကောင်းဆုံးလုပ်နိုင်တဲ့ အရာကိုပြောပါဆိုရင် ကစားနေစဉ် ကွင်းထဲမှာ ကျွန်မရဲ့ စိတ်အတက်အကျတွေ စိတ်ခံစားချက်တွေကို တခြားလူမမြင်အောင် ထိန်းနိုင်တာပဲဖြစ်ပါတယ်။ ပထမပွဲငယ်မှာတော့ ပြတ်သားတဲ့ရလဒ်နဲ့အနိုင်ရခဲ့တယ်။ ဒုတိယပွဲငယ်မှာတော့ တော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့လဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိခဲ့ပြီးတော့ အနိုင်ရမယ်လို့ ယုံကြည်ပြီးအကောင်းဆုံးကြိုးစားကစားခဲ့တယ်။ အသင်းအတွက် နိုင်ပွဲတစ်ပွဲရအောင် စွမ်းဆောင်ပေးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။

ဂရိတ်ဗြိတိန် အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အမျိုးသမီးဖလိုင်းဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲစဉ်အတွက် လက်ရှိချန်ပီယံ ဖန်ဒိုရာက စိန်ခေါ်သူ ကူဘစ်စကီနှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၉**

အမျိုးသမီး ဖလိုင်းဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆု ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့မယ် ဖန်ဒိုရာသည် စိန်ခေါ်သူ ကနေဒါလက်ဝှေ့မယ် ကူဘစ်စကီနှင့် စက်တင်ဘာ ၂၁ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဖန်ဒိုရာသည် ရှုံးပွဲမရှိစံချိန်ဖြင့် ဖလိုင်းဝိတ်တန်းတွင် အမျိုးသမီး ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ဖလိုင်းဝိတ်တန်း၏ ထိပ်တန်းပြိုင်ဘက်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည့်အတွက် ခက်ခဲဖွယ်ရှိနေသည်။

ခက်ခဲဖွယ် ရှိနေသော်လည်း ဖန်ဒိုရာအနေဖြင့် ပြိုင်ဘက်ကင်း ချန်ပီယံဆုအား ကာကွယ်သွားနိုင်အောင် အကောင်းဆုံးပြင်ဆင်ထားသလို အဆင်သင့်ဖြစ်နေကြောင်းလည်း ပြောကြားခဲ့သည်။

ဖန်ဒိုရာသည် လက်ရှိ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုအား နှစ်ကြိမ်တိုင်တိုင်အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ပြီး အဆိုပါ ကာကွယ်ပွဲစဉ်နှစ်ပွဲစလုံးကိုလည်း ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဖန်ဒိုရာက "ပြီးခဲ့တဲ့ပွဲစဉ်နှစ်ပွဲစလုံးမှာ ကျွန်မအနေနဲ့ လက်ရှိချန်ပီယံခါးပတ်တွေကို အကောင်းဆုံးပုံစံနဲ့ ကာကွယ်နိုင်ခဲ့ပါတယ်။ နောက်ထပ်လဲ ဒီလိုစွမ်းဆောင်ရည်မျိုးပြသနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ပြိုင်ဘက်အနေနဲ့လဲ အကောင်းဆုံး ပြင်ဆင်လာမယ်လို့ ထင်ပါတယ်။ သူ့ကို သတိပေးချင်တာကတော့ ရာခိုင်နှုန်းတစ်ထောင် လောက်ထိကောင်းအောင် ပြင်ဆင်လာနိုင်ဖို့ လိုအပ်လိမ့်မယ်။ ဒီပွဲစဉ်ကိုလဲ အကောင်းဆုံး ပွဲစဉ်တစ်ပွဲ ဖြစ်လာစေချင်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL

# ကိုဘီမိုင်နူးကိုခေါ်ယူရန် စောင့်ကြည့်နေသည့်အသင်းများတွင် မန်စီးတီးအသင်းလည်းပါဝင်လာ

**မန်ချက်စတာ စက်တင်ဘာ ၁၉**

မန်ယူအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမားကိုဘီမိုင်နူးကို ခေါ်ယူရန် စောင့်ကြည့်နေသည့် အသင်းများတွင် မန်ယူအသင်းနှင့် မြို့ခံပြိုင်ဘက် အသင်းဖြစ်သည့် မန်စီးတီးအသင်းလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။



ကိုဘီမိုင်နူးသည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့်အတူ နောက်ပိုင်း ဘောလုံးရာသီများတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ နည်းပြဟောင်း တန်ဟတ်လက်ထက်က အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် ပြီးခဲ့သည့် ရာသီဝက်ကာလက မန်ယူအသင်းကို နည်းပြအာမိုရင် တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ကိုဘီမိုင်နူး အနေဖြင့် ပွဲထွက်ခွင့် ပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်။

နည်းပြအာမိုရင်က ကိုဘီမိုင်နူးထက် အသင်းကွင်းလယ်ပိုင်းတွင် ကက်စ်မဲရိုးနှင့် အူဂါတေးတို့ကိုသာ အသုံးပြုခဲ့ပြီးနောက် ကိုဘီမိုင်နူး အနာဂတ်မှာလည်း မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလကတည်းက ကိုဘီမိုင်နူးအနေဖြင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းနှင့်သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကိုဘီမိုင်နူးကို ရီးရဲလ်မက်ဒရစ် အသင်းအပြင် ကွင်းလယ်ပိုင်း လိုအပ်ချက်များရှိနေသည့် မန်စီးတီးအသင်းကလည်း စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## ပရီးမီးယားလိဂ် ပွဲစဉ်(၅) ပွဲကြိုသုံးသပ်ချက်များ

Zay Hein

### ဘရိုက်တန် Vs စပါး

ကစားမည့်ရက်/အချိန် ၂၀-၉-၂၀၂၅ (ည ၈:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

စပါး ၁ – ၄ ဘရိုက်တန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| စပါး | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

ဘရိုက်တန်အသင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ်လေးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရထားပြီးနှစ်ပွဲရှုံး၊တစ်ပွဲသရေကျထားပါတယ်။ ဒါ့ပြင် သူတို့အသင်းရဲ့လက်ရှိခြေစွမ်းပိုင်းသာမန်သာရှိတာကြောင့် စပါးအသင်းကို ဖိအားပေးဖို့ ခက်ခဲနေဦးမှာပါ။ ဒါကြောင့် တိုက်စစ်ပိုင်းကောင်းမွန်နေတဲ့ စပါးအသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် – ဘရိုက်တန် ၁ – ၂ စပါး

### ဝက်စ်ဟမ်း Vs ပဲလေ့စ်

ကစားမည့်ရက်/အချိန် ၂၀-၉-၂၀၂၅ (ည ၈:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဝက်စ်ဟမ်း ၀ – ၂ ပဲလေ့စ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | – | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |
| ပဲလေ့စ် | – | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(သရေ) |

နည်းပြဂရေဟမ်ပေါ်တာရဲ့ဝက်စ်ဟမ်းအသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားတာကြောင့် ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါ့ကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းအောင် သေချာပြင်ဆင်လာမှာပါ။ဒါ့ပြင် နောက်ဆုံးနှစ်ပွဲမှာ ရဂိုးတစ်ဂိုးသာရှိခဲ့တဲ့ ပဲလေ့စ်အသင်း တိုက်စစ်ပိုင်းကျဆင်းနေတာကြောင့် ဝက်စ်ဟမ်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် – ဝက်စ်ဟမ်း ၁ – ၀ ပဲလေ့စ်

## စပိန်လာလီဂါ ပွဲစဉ်(၅) ပွဲကြိုသုံးသပ်ချက်

Zay Hein

### အလာဗက် Vs ဆီဗီလာ

ကစားမည့်ရက်/အချိန် ၂၀-၉-၂၀၂၅ (ည ၁၁:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆီဗီလာ ၁ – ၁ အလာဗက်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက် | – | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |
| ဆီဗီလာ | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

အလာဗက်အသင်းဟာ နောက်ဆုံးနှစ်ပွဲမှာ အေတီကိုအသင်းကို သရေ၊ ဘီလ်ဘာအိုအသင်းကို အဝေးကွင်းမှာ အနိုင်ကစားထားနိုင်ပြီး ကစားသမားစွမ်းဆောင်ရည်အကောင်းဆုံးပုံစံမှာရှိနေပါတယ်။လာလီဂါ နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာအနိုင်ရထားတဲ့ဆီဗီလာအသင်း ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် အလာဗက်အသင်းပဲ ရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ် – အလာဗက် ၁ – ၁ ဆီဗီလာ

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၄) ပွဲကြိုသုံးသပ်ချက်

Zay Hein

### ဝါဒါဘရီမင် Vs ဖရိုင်းဘတ်

ကစားမည့်ရက်/အချိန် ၂၀-၉-၂၀၂၅ (ည ၈:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရိုင်းဘတ် ၅ – ၀ ဝါဒါဘရီမင်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဝါဒါဘရီမင် | – | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |
| ဖရိုင်းဘတ် | – | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ ဂလာဘတ်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိထားတဲ့ ဝါဒါဘရီမင်အသင်း ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေပါတယ်။ လက်ရှိဘောလုံးရာသီမှာ ဖရိုင်းဘတ်အသင်းရဲ့အဝေးကွင်း ခြေစွမ်းပိုင်းကလဲ စိတ်ချလို့မရသေးပါဘူး။ တွေ့ဆုံမှုနဲ့ကစားသမားစုဖွဲ့မှုကောင်းမွန်နေတဲ့ ဝါဒါဘရီမင်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် – ဝါဒါဘရီမင် ၂ – ၁ ဖရိုင်းဘတ်

# ရွေးကောက်ပွဲအောင်မြင်ခြင်းသည်မင်္ဂလာ ... လွှတ်တော်များဖွဲ့စည်းနိုင်ခြင်းသည်မော်ကွန်း

**❖ လာမည့်အထွေထွေရွေးကောက်ပွဲကို ရွေးကောက်ပွဲစနစ်သစ်၊ မဲပေးနည်းစနစ်သစ်တို့ဖြင့် ကျင်းပမည်ဖြစ်ကြောင်း ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူ ရွေးကောက်ခံရသည့်စနစ် (FPTP)၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ်(PR)ပါဝင်သည့် ရောနှောထားသည့် ကိုယ်စားလှယ်အချိုးကျစနစ် (MMP)တို့ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်သွားမည်ဖြစ်သည်။ ❖**

**နိဒါန်း**

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားပြည်သူအားလုံး၏ အနာဂတ်အတွက် အရေးကြီးသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်သိက္ခာရှိသော မင်္ဂလာတစ်ပါးဖြစ်သည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ဥပဒေပြုလွှတ်တော်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ခြင်းသည်လည်း နိုင်ငံတော်၏ ကြီးမြတ်သော မော်ကွန်းပင်ဖြစ်သည်။

**ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပမည်**

လွတ်လပ်ရေးရပြီးကာလ ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲကို ထိုစဉ်ကာလ တိုင်းပြည်အခြေအနေအရ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၃ အရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အာဏာတည်သည့် လွတ်လပ်ရေးနေ့မှစ၍ ၁၈ လအတွင်း ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲများကို ကျင်းပရမည်ဖြစ်သည်။ ၁၈ လအတွင်း မကျင်းပနိုင်သဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၃ ကို အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အမိန့် (၁၉၄၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်) ဖြင့် ၁၈ လအစား ၂၈ လကို ပထမအကြိမ် ပြင်ဆင်ခဲ့ရသည်။ အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အမိန့် (၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၂ ရက်) အရ ၂၈ လကို လ ၄၀ ဟု ဒုတိယအကြိမ် ပြင်ဆင်ခဲ့ရသည်။ နောက်ဆုံး ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အမိန့် (၁၉၅၁ ခုနှစ် မတ်လ ၂၁ ရက်) ဖြင့် လ ၄၀ ကို ၄၈ လအဖြစ် တတိယအကြိမ် ပြင်ဆင်ခဲ့ရသည်။ ပြင်ဆင်ချက်ကို နိုင်ငံတော်ယာယီသမ္မတ စဝ်ရွှေသိုက်က ပုဒ်မ ၂၃၀ အရ အပ်နှင်းထားသည့် အခွင့်အာဏာဖြင့် အမိန့် ထုတ်ပြန်၍ ပြင်ဆင်ခဲ့ရသည်။ ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ် ဇွန်လမှ ၁၉၅၂ ခုနှစ် ဇန်နဝါရီလထိ ရှစ်လအတွင်း အပိုင်းသုံးပိုင်းခွဲ၍ အထမြောက်အောင် ကျင်းပခဲ့ကြောင်း မှတ်တမ်းများအရ တွေ့ရှိရသည်။

ယခုကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်နှင့် စနစ်သစ် မဲပေးနည်းအရ မဲရုံအားလုံးတွင် မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) များဖြင့် ဆန္ဒမဲပေးနိုင်ရန်တို့အတွက် ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပသည်ဟုဆိုရာတွင် ဆန္ဒမဲပေးရမည့် ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး ကြိုတင်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းပြုစုခြင်းနှင့် မဲစာရင်းများ ကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းတို့ကို အပိုင်း (၁) ကျင်းပချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ထားရခြင်းဖြစ်သည်။ ရွေးကောက်ပွဲ အပိုင်း (၁) အတွက် မဲပေးရမည့်နေ့ ၂၈-၁၂-၂၀၂၅ ရက်နှင့် မြို့နယ် ၁၀၂ မြို့နယ် စာရင်းကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ဆက်လက်ကျင်းပမည့် အပိုင်းလိုက်မဲပေးရမည့် နေ့ရက်နှင့်ကျင်းပမည့် မြို့နယ်များစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်မံ ကြေညာပေးမည်ဖြစ်သည်။

**ရွေးကောက်ပွဲများ အထမြောက်ခြင်းဆိုသည်မှာ**

နိုင်ငံအလိုက်ကျင့်သုံးသည့် ရွေးကောက်ပွဲ လုပ်ထုံးများအရ နိုင်ငံအချို့တွင် မဲမပေးမနေရစနစ် ပြဋ္ဌာန်းပြီး မဲပေးရန်ပျက်ကွက်ပါက ဒဏ်တပ်သည့် စနစ် ကျင့်သုံးသည်ဟု ဆိုသည်။ သို့သော် နိုင်ငံအများစုတွင် ထိုပြဋ္ဌာန်းချက်ကျင့်သုံးလေ့မရှိပါ။ ဆန္ဒမဲပေးခြင်းသည် ဒီမိုကရေစီသဘောအရ အခြေခံအခွင့်အရေးဖြစ်သလို လူ့အခွင့်အရေးလည်းဖြစ်သည်။ မိမိအခွင့်အရေးအတွက် ရွေးကောက်ပွဲတွင် ပါဝင်မဲပေးသင့်သည်။ မဲမပေးလိုပါကလည်း ကာယကံရှင်၏ ဆန္ဒအတိုင်းပင်ဖြစ်သည်ဟု ယူဆချက်အရဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲများ အထမြောက်ခြင်းအတွက် မဲပေးသည့်ရာခိုင်နှုန်း မည်၍မည်မျှရှိရမည်ဆိုသော သတ်မှတ်ပြဋ္ဌာန်းချက် ကျင့်သုံးလေ့မရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဃ) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးအရ ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး သို့မဟုတ် မဲပေးခြင်း မပြုဘဲနေနိုင်သော အခွင့်အရေးကိုဆိုသည်ဟု ပြဆိုထားသည်။ တည်ဆဲလွှတ်တော် ရွေးကောက်ပွဲဥပဒေများတွင် မဲပေးသူရာခိုင်နှုန်း သတ်မှတ်ချက်ပြည့်မီမှသာ ရွေးကောက်ပွဲတစ်ခုလုံး အထမြောက်ကြောင်း ပြဋ္ဌာန်းချက်မရှိပါ။ ယခင်ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲဥပဒေများတွင်လည်း ထိုသို့ပြဋ္ဌာန်းချက်မရှိပါ။ မဲဆန္ဒရှင်အများစု၏ ဆန္ဒမဲနှင့်ကိုယ်စားပြုမှုကို ထင်ဟပ်ပေါ်လွင်စေသည့် အခြေခံမူအရသာ ရွေးကောက်ပွဲများကို အထမြောက်အောင် ကျင်းပခြင်းဖြစ်ကြောင်း မှတ်ယူရမည်ဖြစ်သည်။

**ရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးသင့်**

မိမိတို့နိုင်ငံ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်အရ နိုင်ငံသားတို့က ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပြီး လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရသည်။ ရွေးကောက်ပွဲများ ကျင်းပခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်ဖြစ်သည်။ လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတနှစ်ဦးအား ရွေးချယ်တင်မြှောက်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတက တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူတို့က နိုင်ငံတော်အစိုးရကို သွယ်ဝိုက်ရွေးချယ်ရခြင်း အနှစ်သာရ ပေါ်လွင်ထင်ရှားသည်။ ထို့ကြောင့် ပြည်သူတို့က မိမိတို့၏ ကိုယ်စားပြုမှုကို ထင်ဟပ်ပေါ်လွင်စေမည့် ရွေးကောက်ပွဲတွင် များများပါဝင် ဆန္ဒမဲပေးသင့်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း ဆန္ဒမဲပေးခွင့်ရှိသူများ မဲစာရင်းပါရှိရေး၊ ကြိုတင်မဲပေးနိုင်ရေးနှင့် မဲရုံတွင်မဲပေးခြင်း လွယ်ကူအဆင်ပြေစေရေး ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများတွင် ဆောင်ရွက်ပေးထားသည်။ သို့သော်လည်း ရွေးကောက်ပွဲတွင် အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် မဲဆန္ဒရှင်ပြည်သူများ မဲမပေးနိုင်ပါက ပြည်သူများအတွက် နစ်နာဆုံးရှုံးခြင်းသာ ဖြစ်ပါလိမ့်မည်။

**ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ (ဂ) ကို အကောက်အယူမလွဲစေလို**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ ပုဒ်မခွဲ (င) အရ ကော်မရှင်သည် သဘာဝဘေးအန္တရာယ်နှင့် နယ်မြေလုံခြုံရေးအခြေအနေတို့အရ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိသည့်မဲဆန္ဒနယ်များ၏ရွေးကောက်ပွဲများကိုရွှေ့ဆိုင်းထားနိုင်သည်။ ဤပြဋ္ဌာန်းချက်နှင့် ဆက်စပ်သော လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့တွင်လည်း ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည့် အခွင့်အာဏာ အပ်နှင်းထားသည်။

ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ (ဂ) တွင် လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သော အချို့ဒေသများ၌ ရွေးကောက်ပွဲများ ကျင်းပရန် အခြေအနေရှိပြီး အချို့ဒေသများ၌ ရွေးကောက်ပွဲများ ကျင်းပရန် အခြေအနေမရှိလျှင် ရွေးကောက်ပွဲကျင်းပရန်အခြေအနေရှိသော ဒေသများ၌ ရွေးကောက်ပွဲကျင်းပရန်၊ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသော ဒေသများ၌ ရွေးကောက်ပွဲကျင်းပခြင်း မပြုရန်၊ မဲရုံများကို လုံခြုံမှုရှိသောနေရာများသို့ ပြောင်းရွှေ့ကျင်းပရန် ကော်မရှင်က ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် မဲစာရင်းအရ မဲဆန္ဒရှင်အားလုံး၏ ၅၁ ရာခိုင်နှုန်းက ဆန္ဒမဲပေးပြီးဖြစ်လျှင် အထမြောက်သော ရွေးကောက်ပွဲအဖြစ် သတ်မှတ်နိုင်သည်ဟု ဆိုသည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန်မဖြစ်နိုင်ဟု ကော်မရှင်ကယူဆလျှင် ယင်းမဲဆန္ဒနယ်တစ်နယ်လုံး၏ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းချက်ရှိသည်။

ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ (ဂ) ၏ ဆိုလိုရင်းမှာ အထွေထွေရွေးကောက်ပွဲတစ်ရပ်လုံးကို ရည်ညွှန်းခြင်းမဟုတ်ပါ။ မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်ပွဲမကျင်းပမီ အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်သော ဒေသများရှိက မကျင်းပရန်၊ နေရာရွှေ့ပြောင်းကျင်းပရန် သတ်မှတ်ထားခြင်းဖြစ်သလို ရွေးကောက်ပွဲကျင်းပနေစဉ် အကြောင်းအမျိုးမျိုးကြောင့် မဲရုံအချို့တွင် ဆန္ဒမဲပေးခြင်း ရပ်ဆိုင်းရလျှင်လည်း ယင်းမဲဆန္ဒနယ်အတွက် မဲဆန္ဒရှင်အားလုံး၏ ၅၁ ရာခိုင်နှုန်း မဲပေးပြီးလျှင် ပြန်လည်ကျင်းပရန်မလိုဘဲ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ အထမြောက်သည်ဟု သတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းသာ ဖြစ်သည်။ ဤပြဋ္ဌာန်းချက်ပါ " ..... မဲဆန္ဒရှင်အားလုံး၏ ၅၁ ရာခိုင်နှုန်းက ဆန္ဒမဲပေးပြီးဖြစ်လျှင် အထမြောက်သော ရွေးကောက်ပွဲအဖြစ် သတ်မှတ်နိုင်သည် ....." ဆိုသော စကားစုကို လိုသလို ကောက်ယူကာ မဲပေးသူ ၅၁ ရာခိုင်နှုန်းရှိမှသာ အထွေထွေရွေးကောက်ပွဲကြီးတစ်ခုလုံး အထမြောက်မည်ဟု ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် လူမှုကွန်ရက်မီဒီယာတွင် လွဲမှားစွာ ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

ရွေးကောက်ပွဲဥပဒေတွင် မဲပေးသူအရေအတွက် Voter Turnout သတ်မှတ်ရာခိုင်နှုန်း ပြည့်မီမှသာ ရွေးကောက်ပွဲတစ်ခုလုံး အထမြောက်ကြောင်း ပြဋ္ဌာန်းချက် ယခင်ကလည်း မရှိပါ။ ယခုလည်း မရှိပါ။ ပြီးခဲ့သော ရွေးကောက်ပွဲများတွင် မဲပေးသူ ၅၀ ရာခိုင်နှုန်းမရှိသော မဲဆန္ဒနယ်အနည်းငယ်ရှိခဲ့သော်လည်း ရွေးကောက်ပွဲအထမြောက်ပြီး လွှတ်တော်အတွက် ယင်းမဲဆန္ဒနယ်ကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပေးနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ရွေးကောက်ပွဲ အထမြောက်ခြင်းသဘောတရားကို အကောက်အယူ မလွဲစေလိုပါ။

**လွှတ်တော်အစည်းအဝေးများ အထမြောက်ခြင်းဆိုသည်မှာ**

လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြီးစီးလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်သည့် နေ့ရက်အတွင်း လွှတ်တော်အသီးသီး၏ ပထမအစည်းအဝေးကို ကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများ အထမြောက်ရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းသတ်မှတ်ခြင်းရှိသလို သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအရလည်း သတ်မှတ်ကြသည်။ လွှတ်တော်အစည်းအဝေး အထမြောက်စေရန် လွှတ်တော်ကိုယ်စားလှယ်အများစု တက်ရောက်ရမည်။ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်း တက်ရောက်ရမည်။ ထက်ဝက်ကျော် တက်ရောက်ရမည်။ သုံးပုံတစ်ပုံ တက်ရောက်ရမည် စသည်ဖြင့် သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေအရ သတ်မှတ်ကျင့်သုံးလေ့ရှိသည်။

ပါလီမန်ခေတ် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၆၉ ပုဒ်မခွဲ (၂) တွင် "မိမိ၏အာဏာကိုသုံးစွဲရန် လွှတ်တော်တစ်ရပ်ရပ်သည် အစည်းအဝေးအထမြောက်ရေးအတွက် လိုအပ်သော အမတ်ဦးရေကို လွှတ်တော်၏နည်းဥပဒေများဖြင့် ဆုံးဖြတ်သတ်မှတ်ရမည်"ဟု ပြဋ္ဌာန်းချက်အရ လွှတ်တော်လုပ်ထုံးလုပ်နည်း နည်းဥပဒေ (၂) ၌ ပါလီမန်လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေး အထမြောက်စေရန် အမတ်ဦးရေ အနည်းဆုံး ၁၀၀ ဦး တက်ရောက်ရမည်ဟု သတ်မှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၇ တွင် "ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့၏ အစည်းအဝေးများသည် ပြည်သူ့ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်း တက်ရောက်မှ

စာမျက်နှာ ၁၁ သို့ á

# အလုံမြို့နယ်ရှိ ZEALAX Hotel & Residence ၌ အရှုံးမဲ့အနိုင် ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၂၂ ရက်မှ စတင်ကာ CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးမည့် အရှုံးမဲ့အနိုင် ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို စက်တင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ZEALAX Hotel & Residence ၌ ကျင်းပခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဝင့်ယမုံနိုင်က ပြောပြသည်။

အဆိုပါ အရှုံးမဲ့အနိုင် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို Evren က ရေးသားထားပြီး ဟေမာန်ဟိဏ်း၊ အေးမြတ်ချို၊ စုလင်းလက်တို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ နီရာကိုက Bonanza Production အတွက် တာဝန်ယူပုံဖော်ဖန်တီး ရိုက်ကူးထားကြောင်း သိရသည်။

"ဒီ အရှုံးမဲ့အနိုင်ဇာတ်လမ်းတွဲက မုံရဲ့ ပထမဆုံး CANAL+ နဲ့ စတင်လက်တွဲရိုက်ဖူးတဲ့ဇာတ်လမ်းတွဲဖြစ်ပါတယ်။ မုံနဲ့ ကိုစိုင်းစည်၊ ချာလီ၊ ဆုထက်တို့ လေးယောက် ပါဝင်ထားကြတဲ့ လေးပွင့်ဆိုင် အပြင်းစား ဒရာမာဇာတ်လမ်းပုံစံပါ။ ယုမေရီဆိုတဲ့ စာတော်ပြီး နည်းနည်း ဆင်းရဲတဲ့ ကျောင်းသူကလေး တစ်ယောက်ပေါ့နော်။ စက်တင်ဘာ ၂၂ ရက်မှာ ထုတ်လွှင့်ရင်လဲ ကြည့်ရှုအားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် ဝင့်ယမုံနိုင်က ပြောပြသည်။

အဆိုပါ အရှုံးမဲ့အနိုင် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စိုင်းစည်တွမ်ခမ်း၊ ချာလီ၊ ဝင့်ယမုံနိုင်၊ စုထက်၊ သံစဉ်ဆည်းဆာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြပြီး CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၂ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၇ နာရီတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Resident Evil ရုပ်ရှင်ဇာတ်ကား၌ မင်းသား ပေါဝေါတာဟောဆာ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၉**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Resident Evil ထိတ်လန့်သည်းဖိုရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ပေါဝေါတာဟောဆာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Resident Evil ဇာတ်ကားတွင် ပေါဝေါတာဟောဆာသည် မင်းသား အော်စတင်အေဘရစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် Cap Com ကုမ္ပဏီ၏ Resident Evil ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Resident Evil ဇာတ်ကားကို ဒါရိုက်တာ ဇက်ခရက်ဂျာကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ရှေးဟက်ထန်က ရေးသားပေးထားကာ လက်ရှိတွင် Resident Evil ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





á **စာမျက်နှာ ၁၀ မှအဆက်**

သာလျှင် အထမြောက်သည်"ဟု ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရသည်။

ပါတီစုံဒီမိုကရေစီခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၈၅ အရ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်ဖြစ်သည်။

ထိုသို့ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်ဟု ဖွင့်ဆိုထားသည်။

ဤနေရာတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်တွင် ကတိသစ္စာပြုပြီးဖြစ်သော မဲဆန္ဒနယ်အသီးသီးက ရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်။ သို့မှသာ အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်တင်မြှောက်ခြင်း မပြုနိုင်သေးသည့် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေရာများ၊ ရွေးကောက်ခံရပြီးဖြစ်သော်လည်း ကတိသစ္စာ မပြုရသေးသည့် လွှတ်တော်ကိုယ်စားလှယ်နေရာများ၊ အချိုးကျကိုယ်စားပြုစနစ် PR အရ ဥပဒေနှင့်အညီ အစားထိုးဖြည့်စွက်ခြင်း မပြုနိုင်သေးသည့် လစ်လပ်နေရာများအတွက် ထည့်သွင်းစဉ်းစားရန် လို၊ မလို အငြင်းပွားနိုင်သည့် အချက်ကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်အတွက် ပုဒ်မ ၁၂၈၊ အမျိုးသားလွှတ်တော်အတွက် ပုဒ်မ ၁၅၅၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် ပုဒ်မ ၁၈၀ တို့တွင် လွှတ်တော်အစည်းအဝေးများ အထမြောက်ခြင်း ပြဋ္ဌာန်းချက်ကို လေ့လာတွေ့ရှိရသည်။

**ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပြည်သူ့လွှတ်တော် ခေါ်ယူရမည်**

ပုဒ်မ ၁၂၃ အရ ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်အရ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) စတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း တတိယအကြိမ် ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးကို ကျင်းပရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမအစည်းအဝေးများ အောင်မြင်အထမြောက်စွာ ကျင်းပနိုင်ပြီး လွှတ်တော်အသီးသီး ဖွဲ့စည်းနိုင်မည်ဖြစ်ကြောင်း အခိုင်အမာ ယုံကြည်သည်။

**ရွေးကောက်ပွဲများ အောင်မြင်ခြင်းသည် နိုင်ငံတော်အတွက် မင်္ဂလာတစ်ပါးဖြစ်သည်**

ပြီးခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲစာရင်းကြီးမားစွာ မှားယွင်းမှုနှင့် မဲမသမာမှုဖြစ်စဉ်များကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံ့ဂုဏ်သိက္ခာကို ပြန်လည်ဆယ်တင်ရန်၊ လွတ်လပ်တရားမျှတပြီး သန့်ရှင်းသော ရွေးကောက်ပွဲဖြစ်စေရန်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှတစ်ဆင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်၊ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများအတွက် ကိုယ်စားပြုခြင်းနှင့် မျှတခြင်း ဖော်ဆောင်နိုင်ရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရန်တို့အတွက် အထွေထွေရွေးကောက်ပွဲဖြင့် မှတ်ကျောက်တင်သွားမည်ဖြစ်သည်။ ရွေးကောက်ပွဲများ အောင်မြင်ခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်သိက္ခာရှိသော မင်္ဂလာတစ်ပါးပင်ဖြစ်သည်။

**လွှတ်တော်များဖွဲ့စည်းနိုင်ခြင်းသည် နိုင်ငံတော်၏ မော်ကွန်း**

လာမည့်အထွေထွေရွေးကောက်ပွဲကို ရွေးကောက်ပွဲစနစ်သစ်၊ မဲပေးနည်းစနစ်သစ်တို့ဖြင့် ကျင်းပမည်ဖြစ်ကြောင်း ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူ ရွေးကောက်ခံရသည့်စနစ် (FPTP)၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ် (PR) ပါဝင်သည့် ရောနှောထားသည့် ကိုယ်စားလှယ်အချိုးကျစနစ် (MMP) တို့ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်သွားမည်ဖြစ်သည်။

ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် MMP အရ FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းကြောင့် စနစ်နှစ်မျိုးစလုံး၏ အားသာချက်များနှင့် ကောင်းကျိုးများကို ရရှိမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများအတွက် ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် လူထုအလွှာအသီးသီးအတွက် ကိုယ်စားပြုခြင်းတို့ကို လွှတ်တော်အသီးသီးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုမြင်တွေ့ရမည်ဖြစ်သည်။ တိုင်းပြည်ကောင်းကျိုးအတွက် မတူကွဲပြားမှုများကို စုစည်းပြီး တူညီသည့်ဆန္ဒများကို ဖော်ဆောင်နိုင်မည့် အခွင့်အလမ်းဖြစ်သည်။ ဒီမိုကရေစီသဘောအရ အများစု၏ ဆန္ဒအတိုင်း လိုက်နာရသည်ဆိုသော်လည်း အနည်းစု၏ အခွင့်အရေးကိုလည်း အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်အတွက် အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်လာလျှင် အများစု၏ဆန္ဒအတိုင်းဆိုသည်ထက် အမှန်တရားနှင့် ပကတိအရှိတရားကို အသိ၊ သတိ၊ ဆင်ခြင်တုံတရားတို့ဖြင့် ဦးစားပေးဆောင်ရွက်နိုင်ကြမည်ဟု အပြည့်အဝ ယုံကြည်သည်။ အထွေထွေရွေးကောက်ပွဲ အောင်မြင်ခြင်းမှသည် လွှတ်တော်များ ဖွဲ့စည်းနိုင်ခြင်းသည် နိုင်ငံတော်၏မော်ကွန်းပင် ဖြစ်သည်။

**နိဂုံး**

သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲအတွက် လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန် တာဝန်ရှိသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တို့ကလည်း အားတက်သရော ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အတွက် အထွေထွေရွေးကောက်ပွဲဖြင့် မင်္ဂလာယူရမည့် အချိန်အခါတွင် ရွေးကောက်ပွဲကို နှောင့်ယှက်ဖျက်ဆီးမည့် အဖျက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများလည်း ရှိနေသည်။ ရွေးကောက်ပွဲမှတစ်ဆင့် လွှတ်တော်အသစ်နှင့် အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာမည်ကို မလိုလားသည့် ပြည်တွင်းအကြမ်းဖက်အုပ်စုနှင့် ပြည်ပြေးအကြမ်းဖက်အုပ်စုများလည်း ရှိနေသည်။ ၎င်းတို့၏ အဖျက်လုပ်ရပ်များကို လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ရမည်။ ပြည်သူအားလုံးပါဝင်သော အထွေထွေရွေးကောက်ပွဲကြီးမှ တစ်ဆင့် ဂုဏ်သိက္ခာမြင့်မားသော လွှတ်တော်အသီးသီး ပေါ်ထွန်းရန် ရည်မှန်းချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**မဲဆန္ဒရှင်တစ်ဦး**

# Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects security measures in the area of Coastal Region Command headquarters, meets with families of the station

## Further improve the image of State and Tatmadaw through self-improvement



Senior General Min Aung Hlaing holds a meeting with officers, other ranks and families of Myeik Station.

**Nay Pyi Taw September 19**

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by senior military officers from Office of Commander-in-Chief, inspected security measures in the area of Coastal Region Command headquarters, and met with families of the station.

The Senior General and party arrived at the command HQ, and heard a report on ongoing undertakings for security and stability in the command area, formation of people's security forces for ensuring peace and stability, planned security arrangements for the successful holding of the election, welfare programs for officers, other ranks and families, presented by Command Commander Maj-Gen Kyaw Kyaw Han at the meeting hall.

In response, the Senior General gave guidance on taking effective security and stability measures in the command area, constant security measures along the coast and in territorial waters efficiently and constructively and other necessary measures.

Later, the Senior General held a meeting with officers, other ranks and families of Myeik Station in the command HQ.



Senior General Min Aung Hlaing comforts a patient at the military hospital.

Also present were Daw Kyu Kyu Hla, Senior General's wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief and wives.

**Efficient military units with healthy, fit and courageous soldiers**

In his speech, the Senior General said the main duty of Tatmadaw is national defence that involves the duty to safeguard the lives and property of the people, natural resources of the country and Our Three Main National Causes. In order to shoulder the duty well, every soldier and unit must have full fighting ability and prowess. All soldiers joined the Tatmadaw of their own volition. Rank-wise and area-wise military training sessions are being conducted for every soldier to have the required qualifications.

To be fit and healthy, Tatmadawmen must carry out the daily responsibilities without fail. Likewise, they must also undergo rank-wise training.

Individual soldiers need valour, courage to do what is to be done. Tatmadaw members joined the Tatmadaw to enjoy the life of a soldier. They need will and determination. In order to be skilled in handling their weapons, they must undergo constant training. In this way, they will have trust in their weapons. Hence, training sessions are being conducted for all the Tatmadawmen to be well trained. By applying their learned military science in their daily functions, all will become well-trained soldiers.

**Four major tasks for developing unit structure**

Four work programs have been adopted for structural development. Shouldering the daily duties in a correct way amounts to conducting structural development through training.

The sector of administration includes dress codes, and behavioral codes, and a unit will have ability and power only if its administrative system is good. Responsible persons are guiding the units with administrative functions, and the subordinates must observe them with individual conviction. Excellent administration and support are very much important for battle victory.

For the welfare of families, carrying out agriculture and livestock breeding tasks can contribute to food supplies of families. Refraining from drinking alcohol and enjoying worldly pleasures out of conscientiousness can help individuals to be fit and healthy personnel.



Daw Kyu Kyu Hla comforts a patient at the military hospital.

*See Page 14*

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing meets departmental officials and town elders in Myeik of Tanintharyi Region to discuss regional development

## It is necessary to encourage education sector to ensure a secure future for the country





Senior General Min Aung Hlaing views development of Myeik town.

**Nay Pyi Taw September 19**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing this morning met departmental officials and town elders at Pearl Yadana Hall in Myeik of Tanintharyi Region to talk about regional development undertakings.

Also present at the meeting were Commission Secretary and Joint Executive Chief General Ye Win Oo, Union Ministers U Min Naung and Dr Myo Thein Kyaw, Tanintharyi Region Chief Minister U Myat Ko, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Coastal Region Command, deputy ministers and officials.

### Submission of the reports on regional data, development undertakings and requirements

The Myeik District Administrator reported on regional data, operation of agriculture and livestock farms, rice, livestock and fish security, efforts to successfully producing fish, prawn and marine products, running of MSME industries, educational and health data and fulfillment, supply of electricity and water, establishment of the fish auction market and industrial zone, and raising public awareness to successfully hold the multiparty democratic general election.

Town elders and official of organizations presented their reports on needs to apply implementation of the Myeik fish auction market and industrial zone projects through BOO system, upgrade of Myeik Airport to admit foreign cargo flights, difficulties to produce finished goods of marine products from Tanintharyi Region and export them abroad, swift export of Myeik's seawater fish, aid of the State to provide fry shrimps and aquafeeds for ensuring an easy import process to boom seawater shrimp businesses, import of necessary parts for the tubeless tyre factory to produce import-substitute rubber products in Tanintharyi Region, and requirements for regional development.

### Union ministers and officials' response to the submissions

Union Ministers and deputy ministers discussed verifying and allowing livestock and fishery products of Tanintharyi Region under the procedures for export without delay, allowing prawn farms under disciplines, needs of fishing trawlers to follow relevant laws and disciplines, establishment of industrial, agriculture and livestock basic education high schools to turn out necessary human resources to operate the MSME businesses and agriculture and livestock farms successfully, practical works of students, and a plan to upgrade Myeik Airport. The Region Chief Minister added discussions on supply of water and electricity.

### Regional development measures and discussions over the reports

In his address, the Acting President and SSPC Chairman of the Republic of the Union of Myanmar emphasized regional development undertakings, saying that the best efforts would be made to carry it out regarding the project to construct an international fish auction market in Myeik included in the presentations. A policy has already been laid down concerning land use. While some progress has been observed in terms of rice sufficiency in Myeik District, continued efforts are needed to fully meet the target goals. Land permitted for agricultural use must not be diverted for other purposes, and all activities must be carried out in accordance with established rules and regulations. If high-rise buildings are constructed for residential use in Myeik, living conditions could become more convenient, while the use of farmland for other purposes would also decline. Export of marine products must be conducted properly and in line with set regulations. If cold storage containers are used for exports, operations would become more efficient. Arrangements will also be made for the importation of shrimp larvae and shrimp feed. Since marine products from Myanmar have high market demand in neighbouring countries, the Myeik airport will be upgraded to facilitate air transport for exports. Efforts are also being made to produce shrimp feed domestically. In shrimp farming, in addition to establishing shrimp ponds, mangroves need to be planted to minimize natural hazards as much as possible, and the construction of shrimp ponds must be carried out systematically with proper research.

### Emphasis placed on the State to firmly walk on the path of multiparty democracy

The purpose of the visit to Tanintharyi Region aims to hold discussions and take measures to further promote regional development and economic activities in the region. Efforts are needed to raise both the economic and social standards of the region and the nation. People desire political stability and economic growth, and wish to engage in economic activities in peace of mind and tranquility.

He stated that they will work to ensure the state can continue its firm journey on the path of multi-party democracy, emphasizing the need for political actions to be done correctly and properly. Tatmadaw has already agreed to enable the correct and firm continuation of the multi-party democracy system desired by the people. He added that in a democracy, the general election is the lifeblood and is extremely important, and that the 2008 Constitution already has provisions regarding the convening of Hluttaws.

He stated that in a democratic system, general elections are vital for convening and forming various Hluttaws. These Hluttaws assign responsibilities to the President, Vice President, administrative bodies, and union-level organizations designated by the President and the government. It is therefore essential to hold elections and ensure they are conducted in accordance with the law. He noted that when election fraud occurred in the 2020 multi-party democracy general election, Tatmadaw repeatedly called for a resolution in accordance with the law, but the responsible government failed to act. He explained that as a result, and because of attempts to take state power illegally by convening the Hluttaw, Tatmadaw had to assume state duties in accordance with the 2008 Constitution. He concluded by stating that they are carrying out preparatory work to hold an election soon and will work to ensure it is a dignified and successful one.

### The socio-economic and educational advancement of rural residents

He stated that about 70% of the country's population are rural residents who mainly work in agriculture and farming. He explained that since rural residents are the primary practitioners of these activities, developing their socio-economic well-being would lead to national economic growth and poverty reduction. He concluded by saying that they have prioritized and will continue to work on the socio-economic development of rural residents.

*See Page 14*



Senior General Min Aung Hlaing views MSME products.

*From Page 13*

Regarding education, he stated that due to existing weaknesses, education in the country must be reformed and promoted. With the goal of increasing the number of educated young people, he consulted with the ministers of education and science and technology and worked to open Polytechnic universities, with plans to open more in the future. Similarly, for students who have completed middle school, industrial agriculture and farming high schools are also being opened. He also stated that a systematic economy can only be created with good human resources, and therefore, they must strive to produce good, educated human resources. He added that the country has many natural resources, and if they can be used effectively through hard work, the nation can develop. He concluded by saying that while the government must create jobs, it is also necessary for the people to truly work.

He stated that by carrying out local production activities, employment opportunities will increase, regional circulating capital will grow, and socio-economic lives will improve. He therefore called on everyone to cooperate and strive for the development of local production activities.

**Increase production, intensify work efforts to develop the nation**

It is necessary to increase revenue from regional production for the development of the nation and the improvement of socio-economic lives. Regions and states need to work to increase the production of their advantageous and promising products. Although our country has favourable natural conditions and opportunities for production, work still needs to be done. Even with sufficient resources and labour, being selective about jobs hinders development. For the nation's progress, we must strive in any sector and any place we find ourselves.

**Strive to develop the socio-economy by effectively utilizing the region's good foundations**

Due to high production costs and imbalances between supply and demand in livestock farming, the prices of meat, fish, and basic food commodities remain high. Therefore, business owners are urged to expand operations to balance supply and demand. The State will also assist and support the development of livestock farming, and business owners are urged to succeed in their endeavours.

Industrial production enterprises can also be successfully operated using local products. For instance, based on raw rubber from the Taninthayi Region, finished rubber products needed domestically can be produced. Similarly, high-value, marketable finished products can be made from coconuts, which are abundantly successful in the region, and business owners are urged to undertake this. They are encouraged to effectively utilize the region's existing good foundations and work for the development of the regional economy.

Regarding education, although Myeik is observed to be a city that supports education, its transition rate is still low. Therefore, efforts must be made to improve transition rates. We must strive to be able to leave a good educational legacy for our future children. Only with a good foundational education will it be easier to learn vocational skills. Improving education is an investment for the future, and for the country's secure future, education must be systematically prioritized. We must focus on producing good, educated human resources who will lead the future nation.

**Bringing forth candidates who can serve the interests of the nation and the region**

We are preparing to hold a multi-party democratic general election in December. In doing so, preparations are being made to ensure a free, fair, and dignified election. Arrangements are also being made for votes to be cast using the Myanmar Electronic Voting Machines (MEVMs). These MEVMs are reliable and prevent electoral fraud. When casting votes, the elected representatives should be those who can genuinely work for the country's benefit, truly implement the democratic system, authentically uphold Our Three Main National Causes, and those who can work to build a good nation. For the development of the Myeik region, while the State is providing support, the residents of the Myeik region are also urged to collectively work for the benefit of their area.

Following the ceremony, the Senior General and officials cordially greeted the attendees. They then viewed the MSME product exhibition booths from Myeik District one by one and inquired about and discussed matters they wished to know.

Afterwards, the Senior General and members arrived at the Myeik City Sports Ground, inspected it, and gave instructions to officials on the requirements for upgrading the sports ground.

Next, the Senior General and members visited Myeik Airport. In the airport terminal, the Deputy Minister for Transport and Communications explained the ongoing work to upgrade Myeik Airport and its runway.

In response to the Senior General instructed that the runway be upgraded, that airport buildings be systematically recalculated and developed, and gave guidance on other necessary matters.

**Laykyun Hsimee Pagoda**

Similarly, on the evening of September 18, the Senior General and his wife, along with members, visited the Laykyun Hsimee Pagoda. They paid respects to the pagoda and made offerings of flowers, water, and oil lamps. The Senior General then signed the pagoda's guest book.

Afterwards, the Senior General and members circumambulated the pagoda to pay homage. They also paid respects to ancient Buddha images inside the 240-year-old ancient historic Thamok Theindaw hall and gave instructions for the long-term endurance of the pagoda and the ancient historic hall.

The Senior General and his wife then donated funds for the comprehensive needs of the pagoda, which were received by members of the pagoda board of trustees.

Later, the Senior General and members toured around Myeik town and along the Myeik strand road in vehicles to observe and inspect the areas. 100

---

*From Page 12*

Only then, will one be able to perform national defence duties fully. Each and every individual is required to carry out duties out of conscientiousness.

By taking measures for good governance and welfare, the morale of personnel will be higher and thus emphasis must be placed on four primary building duties of the Tatmadaw.

**Promoting education and nurturing good personnel**

In connection with the education of Tatmadaw families, personnel are required to nurture their children to be educated ones. Efforts must be made to enable them to pass at least middle school and to continue to study at agriculture and livestock breeding high schools. As efforts are made for higher education standards of their children, personnel are required to read books consistently. Reading articles on health, education, agriculture and livestock breeding and knowledge sharing and discussions will lead to physical and mental development of individual personnel. As today is the age of media, individual personnel are required to use social media networks conscientiously to prevent actions that can harm oneself and one's organization and responsible officers are required to supervise personnel.

Measures must be taken to improve defence capabilities to protect the country. Personnel are urged to make concerted efforts to build themselves as good personnel to make progress for the country and the Tatmadaw and to leave a good reputation for the Tatmadaw.

Then, the Senior General presented foodstuffs officers, other ranks and families of the station to the regional command commander while the wife of the Senior General presented cash awards for the Maternal and Child Welfare Association of the station to the wife of the commander.

After the meeting the Senior General, his wife and party cordially greeted the officers, other ranks and families.

Then, the Senior General proceeded to the defence services hospital of the station and inquired about injuries and recovery of individual officers and other ranks, who sustained injuries during their performance of national defence and security duties of the country. The Senior General spoke words of sympathy for them and attended to the needs reported by them.

Afterward, the Senior General asked about the needs of the hospital and fulfilled the requirements.

Similarly, the wife of the Senior General cordially inquired about the health of families of officers and other ranks, who were receiving medical treatments at the hospital, and spoke words of sympathy for them one by one before giving foodstuffs for them.

Then, the Senior General and party inspected the station by car. 100

---

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဖိလစ်ပိုင်လေတပ်က ပြည်တွင်းထုတ် တိုက်ခိုက်ရေးဒရုန်းများကို ပထမဦးဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့



ဖိလစ်ပိုင်လေတပ် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(AFRDC)သည် ၎င်းတို့ကိုယ်တိုင် တီထွင်ထုတ်လုပ်ထားသည့် တိုက်ခိုက်ရေးဒရုန်းများကို ပထမဦးဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့ ထုတ်ဖော်ပြသနိုင်မှုသည် နိုင်ငံ၏ကိုယ့်အားကိုယ်ကိုး ကာကွယ်ရေးမူဝါဒအတွက် အရေးပါသည့်အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ အသစ်မိတ်ဆက်ပြသခဲ့သော တိုက်ခိုက်ရေးဒရုန်းများမှာ Air Military Ordnance Carrier (AMOC)နှင့် Military Air Ordnance Yielder (MAOY)တို့ဖြစ်ကြသည်။ ပြည်တွင်း၌ အပြည့်အဝတီထွင်ထုတ်လုပ်ထားသော အဆိုပါတိုက်ခိုက်ရေးဒရုန်းနှစ်မျိုးစလုံးသည် တိုက်ပွဲဝင်အသင့်အဆင့်ရောက်ရှိခဲ့ပြီး ဖိလစ်ပိုင်တပ်မတော်(AFP)အတွက် စွမ်းရည်အသစ်များ ပိုင်ဆိုင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

AMOC သည် ထောက်လှမ်းရေးနှင့် တိကျစွာ တိုက်ခိုက်ရေးတာဝန်များအတွက် တီထွင်ထုတ်လုပ်ထားသော တောင်ပံပုံသေတပ်ဒရုန်းအမျိုးအစားဖြစ်သည်။ MAOY သည် FPV(first-person view)နည်းလမ်းနှင့် ထိန်းချုပ်ပြီး ဖောက်ခွဲတိုက်ခိုက်ရေးခဲယမ်းများကို တိုက်ရိုက်သယ်ဆောင်တိုက်ပွဲဝင်နိုင်သည့် ပန်ကာတပ် တိုက်ခိုက်ရေးဒရုန်းစနစ်ဖြစ်သည်။ အဆိုပါဒရုန်းနှစ်မျိုးစလုံးသည် ဖိလစ်ပိုင်အင်ဂျင်နီယာများနှင့် နည်းပညာရှင်များကိုယ်တိုင် အပြည့်အဝဖန်တီးထုတ်လုပ်ထားသည့် တိုက်ခိုက်ရေးဒရုန်းများဖြစ်ကြောင်း သိရသည်။ ပြည်တွင်းလုံခြုံရေးစစ်ဆင်ရေးများကို အထောက်အကူပြုရန်နှင့် ပြည်ပမှတင်သွင်းရမည့် ဒရုန်းစနစ်များအတွက် ကုန်ကျစရိတ်သက်သာသောအစားထိုးစရာနည်းလမ်းများကို ပိုင်ဆိုင်ထားရန် ရည်ရွယ်ထားသည်။

မကြာခင်ရက်ပိုင်းက ထွက်ပေါ်လာခဲ့သည့် ဗီဒီယိုဖိုင်များအရ MAOY quad-copter ဒရုန်းသည် အသေးစားဗုံးများကိုသယ်ဆောင်ပစ်လွှတ်နိုင်သည်ကို တွေ့ရသည်။ ဗုံးများကို ဒရုန်း၏ ကိုယ်ထည်အောက်တွင် တပ်ဆင်ထားခြင်းကိုရှင်းလင်းလင်းတွေ့မြင်နိုင်ပြီး ရှေ့တန်းစစ်မြေပြင်တွင်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် အဆိုပါ FPV ဒရုန်းသည် ထိန်းချုပ်သူအော်ပရေတာကို အချိန်နှင့်တစ်ပြေးညီ မြင်ကွင်းထိန်းချုပ်နိုင်စွမ်းနှင့် ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် AMOC တောင်ပံပုံသေတပ်ဒရုန်းသည် စမ်းသပ်မှုတစ်ခုအတွင်း သရုပ်ပြပျံသန်းမှုများ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့သည်။ အကွာအဝေး ပိုမိုဝေးကွာစွာ၊ လေထဲတွင်အချိန်ကြာမြင့်စွာပျံသန်းနိုင်သည့်စွမ်းရည်များပြသထားနိုင်ခဲ့ကြောင်း သိရသည်။ ပြည်တွင်း၌ ထုတ်လုပ်ထားသောအဆိုပါတိုက်ခိုက်ရေးဒရုန်းများသည် ဖိလစ်ပိုင်တပ်မတော်၏ စစ်ဆင်ရေးဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို အဆင့်မြှင့်တင်ပေးရန်ရည်ရွယ်ပြီး အထူးသဖြင့် အကြမ်းဖက်ပုန်ကန်မှုနှိမ်နင်းရေးနှင့် နယ်စပ်လုံခြုံရေးစစ်ဆင်ရေးများတွင် အသုံးပြုရန်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းထုတ် တိုက်ခိုက်ရေးဒရုန်းများ တိုးတက်ဖွံ့ဖြိုးလာမှုသည် အရှေ့တောင်အာရှဒေသတွင်း ဒရုန်းစစ်ပွဲနှင့်မောင်းသူမဲ့စနစ်များပေါင်းစပ်အသုံးပြုရန် အာရုံစိုက်မှုများမြင့်တက်လာချိန်တွင် အချိန်ကိုက်ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Philippines develops armed combat drones ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ကာမီကာဇီဒရုန်းသစ်များကို နောက်ဆုံးအဆင့်စမ်းသပ်မှုများပြုလုပ်ခဲ့ပြီး ပိုမိုမြှင့်တင်အသုံးပြုရန်စီစဉ်နေ



ယူကရိန်းနိုင်ငံသည် အစိုးရ၏ ကာကွယ်ရေးလုပ်ငန်းစု Brave1 က ကာမီကာဇီဒရုန်းသစ်များကို နောက်ဆုံးအဆင့်စမ်းသပ်မှုများ အောင်မြင်စွာပြုလုပ်ခဲ့ပြီးနောက် စစ်မြေပြင်တွင် ၎င်းတို့၏ စွမ်းပကားကို ပိုမိုမြှင့်တင်အသုံးပြုရန်စီစဉ်နေကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်များသည် အကွာအဝေးမိုင် ၄၀ ကျော် ရောက်ရှိနိုင်ပြီး အီလက်ထရွန်နစ်စစ်ဆင်ရေးများကို ကျော်လွှားနိုင်စွမ်းရှိသည်။ ၎င်းတို့သည် ရှေ့တန်းစစ်မြေပြင်၏ နောက်ပိုင်းနေရာများထိ ရန်သူများကို တိုက်ခိုက်ချေမှုန်းနိုင်ခြင်းကို ကိုယ်စားပြုသည်ဟု Brave1 လုပ်ငန်းစု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"Brave1 ရဲ့ အကူအညီနဲ့ စစ်တပ်ဆီကနေရရှိတဲ့ အကြံပြုချက်တွေကြောင့် ထုတ်လုပ်သူတွေဟာ ထိရောက်မှုအရှိဆုံးနည်းပညာတွေကို တီထွင်နိုင်ခဲ့ပြီး မကြာခင်မှာ ရှေ့တန်းစစ်မျက်နှာတွေမှာ အသုံးပြုသွားမှာပါ"ဟု အဆိုပါ Brave1 လုပ်ငန်းစုမှ ပြောကြားခဲ့သည်။

Brave1 သည် ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း အစိုးရ စစ်တပ်နှင့် ယူကရိန်း၏ ကာကွယ်ရေးနည်းပညာလုပ်ငန်းတို့ကို အစိုးရက ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်ပေးသည့် စီမံကိန်းလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင်စတင်ခဲ့သည့် ဤစီမံကိန်းသည် တီထွင်ဆန်းသစ်မှုများကို အရှိန်မြှင့်တင်ရန်၊ စစ်မြေပြင်တွင် လက်တွေ့စမ်းသပ်ရန်နှင့် ယူကရိန်းလက်နက်ကိုင် တပ်ဖွဲ့များတွင် လျင်မြန်စွာပေါင်းစည်းနိုင်သည့် နည်းပညာများကို ချဲ့ထွင်ရန်အတွက် အရေးပါသော လမ်းကြောင်းတစ်ခုဖြစ်လာခဲ့သည်။

Brave1 ကာကွယ်ရေးလုပ်ငန်းစုအဆိုအရ ယူကရိန်းနိုင်ငံ၏ ကာမီကာဇီဒရုန်းများသည် နိုင်ငံစစ်ပွဲအတွက် လက်တွေ့ကျပြီး ထိရောက်သည့် စစ်ရေးစွမ်းအားစုများဖြစ်လာခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် သမားရိုးကျဒုံးကျည်များထက် ထုတ်လုပ်မှုစရိတ်သက်သာကာ အမြောက်အမြားထုတ်လုပ်ရန် လွယ်ကူပြီး အကွာအဝေး ကီလိုမီတာ ၄၀ မှ ၅၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ အဆိုပါဝိသေသလက္ခဏာ၊ အင်္ဂါရပ်များက ယူကရိန်းတပ်ဖွဲ့များကို ရှေ့တန်းတစ်လျှောက် လိုက်လျောညီထွေရှိသော ထိုးစစ်ဆင်တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ Brave1 က ဤနည်းပညာသည် ကနဦးစမ်းသပ်မှုများကို အောင်မြင်ခဲ့သော်လည်း နောက်တစ်ဆင့်တွင် တကယ့်တိုက်ပွဲအခြေအနေများဖြင့် ထိရောက်မှုကို သက်သေပြရန်ဖြစ်သည်ဟု အလေးအနက် ပြောကြားခဲ့သည်။

ထို့ကြောင့် အဆိုပါအစီအစဉ်သည် တီထွင်မှုအဆင့်မှသည် တပ်ဖြန့်ချထားရေးအဆင့်သို့ ကူးပြောင်းနေပြီဖြစ်ပြီး ဒရုန်းများကို ရှေ့တန်းစစ်ဆင်ရေးများတွင် လျင်မြန်စွာပေါင်းစပ်အသုံးပြုရန်ရည်ရွယ်ထားကြောင်း သိရသည်။

"တိုက်ခိုက်ရေး စမ်းသပ်မှုတွေဆက်လက် လုပ်ဆောင်သွားမှာဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ထိုးစစ်ဆင်ဒရုန်းတွေကို စစ်မြေပြင်မှာ အမြောက်အမြားတပ်ဖြန့်ချထားနိုင်ဖို့ အရှိန်မြှင့်လုပ်ဆောင်နေတယ်"ဟု Brave1 လုပ်ငန်းစုတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုကဲ့သို့ဒရုန်းများတီထွင်ထုတ်လုပ်မှုသည် ရုရှားတပ်ဖွဲ့များ၏ ပြင်းထန်သော အင်အားကြီးမားသော ထိုးစစ်ဆင်မှု၊ ဖိအားများကို ဆက်လက်ရင်ဆိုင်နေရချိန်တွင် ယူကရိန်းဘက်မှ လုပ်ဆောင်နေခြင်းဖြစ်သည်။ အထူးသဖြင့် ရုရှားတပ်ရင်း၊ တပ်ဖွဲ့များ၏ လက်နက်ကြီးများ၊ ဒရုန်းများနှင့် ဒုံးကျည်များဖြင့် အပြင်းအထန်ထိုးစစ်ဆင်အောင်ပွဲရရှိနေသော ယူကရိန်းအထူးစစ်ဆင်ရေး၏ အရှေ့ဘက်စစ်မျက်နှာတွင် ဒရုန်းများသည် ပိုမိုအရေးပါလာခဲ့သည်။

ရုရှား၏ ဒရုန်းထိုးစစ်ဆင်မှုများကို တန်ပြန်ရန်အတွက် ယူကရိန်းသည် ၎င်း၏ကိုယ်ပိုင်ဒရုန်းတပ်ဖွဲ့ကို လျင်မြန်စွာ တိုးချဲ့တည်ထောင်နေပြီး ပိုလန်နိုင်ငံနှင့် ပူးပေါင်း၍ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ အသုံးပြုနည်းဆိုင်ရာလေ့ကျင့်ရေးများကိုပါ ပူးတွဲလုပ်ဆောင်နေသည်။ ရုရှားထုတ်ဒရုန်းများသည် ပိုလန်အပါအဝင် အခြားဥရောပနိုင်ငံများ၏ လေပိုင်နက်ထဲသို့ဝင်ရောက်ခဲ့သည့် ဖြစ်စဉ်များဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Ukraine Set to Deploy New Kamikaze Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြိတ်ခရိုင်အတွင်းမှ MSME ထုတ်ကုန်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြ**

**မိမိတို့နိုင်ငံမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်ပမာဏ ကြီးမားစွာရှိသည့်အတွက် လေကြောင်းလိုင်းများမှတစ်ဆင့် တင်ပို့နိုင်ရေး မြိတ်လေယာဉ်ကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ် . . .**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြိတ်မြို့ မြို့မအားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်နှင့် အသား၊ ငါး ဖူလုံမှုဆိုင်ရာများ၊ ငါး၊ ပုစွန်မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အလတ်စားနှင့် အငယ်စား (MSME) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု၊ ရေပေးဝေရေးဆောင်ရွက်ထားရှိမှု၊ **ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိမှု**၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက မြိတ်မြို့ **ငါးလေလံဈေးတည်ဆောက်ရေးစီမံကိန်းနှင့် စက်မှုဇုန်**စီမံကိန်းကို BOO စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးစေလိုမှု၊ မြိတ်လေယာဉ်ကွင်းအား ပြည်ပကုန်တင်လေယာဉ်များ ဆင်းသက်နိုင်ရေး အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်များအား ကုန်ချောထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မြိတ်မြို့မှ ရေချိုငါးများ တင်ပို့ရာတွင် ပိုမိုမြန်ဆန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ပုစွန်သားပေါက်များရရှိရေး၊ ပုစွန်အစာရရှိရေးတို့ကို လွယ်ကူလျင်မြန်စွာတင်သွင်းခွင့် ရရှိနိုင်ရေးမည့်အခြေအနေများ၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ ငါးဖမ်းလှေများအနေဖြင့် ချမှတ်ထားသည့် ဥပဒေ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လိုအပ်မှု၊ MSME လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးတွင် အထပ်မြင့်အဆောက်အအုံများဆောက်လုပ်နေထိုင်ကြမည်ဆိုပါက လူနေထိုင်မှုအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများ၌ အခြားနည်းများဖြင့် အသုံးပြုမှုများသည်လည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်သွားရန်လိုပြီး ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြစ်ရန်လိုကြောင်း၊ ပြည်ပသို့တင်ပို့ရာတွင် အအေးခန်းကွန်တိန်နာများဖြင့် သယ်ယူဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းပိုမိုအဆင်ပြေနိုင်

နိုင်ငံတော်ကလိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများအား ပြည်ပသွင်းကုန်အစားထိုး တန်ဖိုးမြင့်ကုန်ချော Tubeless တာယာစက်ရုံအတွက် လိုအပ်သည့်စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို အသီးသီးဆွေးနွေးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ငင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် မွေးမြူရေးရေထွက်ကုန်ပစ္စည်းများအား ပြည်ပသို့တင်ပို့ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခွင့်ပြုပေးလျက်ရှိမှုနှင့် အချိန်ကြန့်ကြာမှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ပေးသွားလျက်ရှိမှုနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း လုပ်ငန်းများ၌ လက်တွေ့ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ မြိတ်လေယာဉ်ကွင်းအား အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီးပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များတွင်ပါဝင်သည့် လျှပ်စစ်မီးနှင့် ရေရရှိရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် တင်ပြချက်များအား ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် တင်ပြချက်များတွင်ပါဝင်သည့် မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြေနေရာနှင့် ပတ်သက်၍လည်း မူဝါဒချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုနှင့်ပတ်သက်၍ တိုးတက်မှုရှိလာသည်ကို တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက်ခွင့်ပြုပေးထားသည့်မြေနေရာများ၌ အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ သတ်မှတ်စည်းမျဉ်းများနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြိတ်ဒေသ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လေးကျွန်းဆီမီးစေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူစဉ်။

မည်ဖြစ်ကြောင်း၊ ပုစွန်သားပေါက် တင်သွင်းခွင့်ရရှိရေး၊ ပုစွန်အစာတင်သွင်းခွင့်ရရှိရေးတို့နှင့်ပတ်သက်၍ အဆင်ပြေအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်ပမာဏကြီးမားစွာ ရှိသည့်အတွက် လေကြောင်းလိုင်းများမှတစ်ဆင့် တင်ပို့နိုင်ရေး မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ ပုစွန်မွေးမြူရေးအတွက် လိုအပ်သည့် ပုစွန်အစာနှင့်ပတ်သက်၍ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုစွန်မွေးမြူရေးတွင် ပုစွန်ကန်များပြုလုပ်၍ မွေးမြူသကဲ့သို့ သဘာဝဘေးအန္တရာယ်ကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရန်အတွက် လေကာပင်များစိုက်ပျိုးရန်လိုကြောင်း၊ ပုစွန်ကန်များဖော်ထုတ်ရာတွင်လည်း စနစ်တကျသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း။

## နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဆက်လက်လျှောက်လှမ်းနိုင်ရေး

တနင်္သာရီတိုင်းဒေသကြီး အတွင်းသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန် လိုအပ်သည်များကို ဆွေးနွေးဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံတော်ကို စီးပွားရေးအရမြှင့်တင်နိုင်ရေး၊ လူမှုရေးအရမြှင့်တင်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ **လူတိုင်းသည် နိုင်ငံရေးအရတည်ငြိမ်ပြီး စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုများကို လိုလားကြကာ စိတ်အေးချမ်းသာစွာဖြင့် စီးပွားရေးလုပ်ဆောင်လိုကြ**ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံရေးအရ မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ဖြင့် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် သဘောတူထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)တွင် လွှတ်တော်များကျင်းပမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အရေးကြီးပြီး ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်ဖြစ်ကြောင်း၊ လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ချိန်တွင် တပ်မတော်နှင့်မိမိကိုယ်တိုင်အနေဖြင့် ဥပဒေနှင့်အညီဖြေရှင်းပေးရန် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ သို့သော်လည်း တာဝန်ရှိသည့် အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ ထို့ပြင်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်လာခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း။

## ကျေးလက်နေသူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်လျက်ရှိကြကြောင်း၊ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်၍ ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့်တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေးကျွန်းဆီမီးစေတီတော်ကြီးဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

အလားတူ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံပညာ အလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့်မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ **လူသားအရင်းအမြစ်ကောင်းများ ရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကိုဖော်ဆောင်နိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အရင်းအမြစ်များ များစွာရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်ရေး အလုပ်အကိုင်ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး အမှန်တကယ်လည်း အလုပ်လုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့ဒေသတွင်း၌ ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ဒေသတွင်းလည်ပတ်ရင်းနှီးငွေ တိုးပွားလာမည်ဖြစ်ကာ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ထုတ်ကုန်တိုးမြှင့်၊ အလုပ်အရှိန်မြှင့်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် ဒေသအလိုက် ကုန်ထုတ်လုပ်မှုမှရငွေများ တိုးမြှင့်ရရှိလာရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အားသာချက်ရှိသည့်၊ အလားအလာကောင်းသည့် **ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အလုပ်လုပ်ကိုင်ကြရန်လို**ကြောင်း၊ **မိမိတို့နိုင်ငံ၌ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရေခံမြေခံနှင့် သဘာဝက ပေးသော အခွင့်အလမ်းကောင်းများရှိသော်လည်း အလုပ်လုပ်ကြရန် လိုအပ်လျက်ရှိ**ကြောင်း၊ လုံလောက်သောအရင်းအမြစ်၊ လုပ်သားများရှိသော်လည်း အလုပ်အကိုင်အား ရွေးချယ်နေခြင်းသည် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရာကဏ္ဍ၊ ရောက်ရာနေရာ၌ ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

## ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်

မွေးမြူရေးနှင့်ပတ်သက်၍ ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုမရှိခြင်းတို့ကြောင့် အသား၊ ငါး နှင့် အခြေခံ စားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုရှိစေရေး လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

ဒေသမှထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို အခြေခံ၍ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ရော်ဘာကုန်ချောထုတ်ကုန်များကို ထုတ်လုပ်၍ရနိုင်ကြောင်း၊ အလားတူ ဒေသတွင်း အများအပြား ဖြစ်ထွန်းအောင်မြင်သည့် အုန်းနှင့်ပတ်သက်၍လည်း အဆင့်မြင့်ဈေးကွက်ဝင်ကုန်ချောများ ထုတ်လုပ်နိုင်သည်ဖြစ်သဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိရှိ အသုံးချစေလိုပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မြိတ်မြို့သည် ပညာရေးကိုအားပေးသည့် မြို့ဖြစ်သည်ကို တွေ့ရှိရသော်လည်း တန်းစဉ်ကူးပြောင်းမှုနှုန်းနည်းပါးနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့၏ အနာဂတ်သားသမီးများကို ကောင်းမွန်သည့် ပညာအမွေပေးခဲ့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာများ သင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်ကြောင်း၊ **ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေး ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကိုဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ် ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၈ သို့



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြိတ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၁၇ မှအဆက်

### နိုင်ငံ့အကျိုး၊ ဒေသအကျိုးကိုဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းများ ပေါ်ထွက်လာရေး

**ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လို . . .**

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲ ဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး မဲပေးရာတွင်လည်း မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှုပြုလုပ်၍မရကြောင်း၊ **ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံ ကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သူ ဖြစ်ရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လိုကြောင်း၊** မြိတ်ဒေသတိုးတက်စေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြိတ်ဒေသတွင်နေထိုင်သူများကလည်း မိမိတို့ဒေသအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် မြိတ်ခရိုင်အတွင်းမှ MSME ထုတ်ကုန်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

ၝင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြိတ်မြို့ မြို့မအားကစားကွင်းသို့ ရောက်ရှိစစ်ဆေးကြပြီး အားကစားကွင်းအဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည့်အခြေအနေများအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြိတ်လေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြိတ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်သွားရန်၊ လေဆိပ်အဆောက်အအုံများအား စနစ်တကျဖြင့် ပြန်လည်တွက်ချက်၍ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### လေးကျွန်းဆီမီးစေတီတော်ကြီး

အလားတူ စက်တင်ဘာ ၁၈ ရက် ညနေပိုင်းကလည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် လေးကျွန်းဆီမီးစေတီတော်ကြီးသို့ရောက်ရှိကြပြီး စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး နှစ်ပေါင်း ၂၄၀ သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင် သမုတ်သိမ်တော်အတွင်းရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် သမုတ်သိမ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

ၝင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့အတွင်းနှင့် မြိတ်ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန**






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က လက်ခံရယူစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၏ဇနီးက လက်ခံရယူစဉ်။

☆ ကျောဖုံးမှအဆက်

လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားရန်၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် နိုင်ငံပိုင်ရေပြင်များ လုံခြုံရေးလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းရန်အောင်ခန်းမ၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ကိုယ်တိုင်လည်း စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လို၊ ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များ အသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့် မိမိတို့၏အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များ မဖြစ်အောင် တစ်ဦးချင်းအသိတရားဖြင့် အသုံးပြုကြရန်လို . . .**

### စွမ်းရည်စွမ်းအားပြည့်ဝသည့် တပ်များနှင့် ကျန်းမာကြံ့ခိုင်ပြီး ရဲစွမ်းသတ္တိရှိသည့် တပ်မတော်သားများဖြစ်စေရေး

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိကြောင်း၊ ထိုသို့ ကာကွယ်ရာတွင် ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်များ ကာကွယ်ရန်၊ နိုင်ငံတော် သယံဇာတပစ္စည်းများကို ကာကွယ်ရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းချက်မှုမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်းအရည်အချင်းများ ပြည့်ဝစေရေး အဆင့်အလိုက်သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

**တပ်မတော်သားများ တစ်ဦးချင်းအနေဖြင့် အမြဲကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ နေ့စဉ်ဆောင်ရွက်ရသည့် သမားစဉ်လုပ်ငန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။**

တပ်မတော်သား တစ်ဦးချင်းအနေဖြင့် ရဲစွမ်းသတ္တိ လုပ်ရဲကိုင်ရဲသည့်သတ္တိများ ရှိနေရန်လိုကြောင်း၊ တပ်မတော်သားအဖြစ် ဝင်ရောက်လာကြသူများသည် တပ်မတော်သားကောင်းတစ်ဦး၏ဘဝကို လိုချင်သောကြောင့် ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် လုပ်လိုကိုင်လိုသောစိတ်၊ လုပ်ရဲကိုင်ရဲသည့်စိတ်များရှိရန်လိုကြောင်း၊ မိမိတို့ကိုင်ဆောင်သည့်လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နေမှသာ မိမိကိုယ်ကိုနှင့် မိမိကိုင်ဆောင်ရသည့် လက်နက်အပေါ် ယုံကြည်မှုရှိသည့် စိတ်ဓာတ်များ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး လေ့ကျင့်သားပြည့်ဝနေစေရေး လေ့ကျင့်သင်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းများတွင် မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာရပ်များကို အမြဲအသုံးပြုဆောင်ရွက်နေမည်ဆိုပါက လေ့ကျင့်သားပြည့်ဝလာမည်ဖြစ်ကြောင်း။

### တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး လေးရပ်

တပ်တည်ဆောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းစဉ် လေးရပ် ချမှတ်ဆောင်ရွက်နေကြောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးဖြင့် တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုနှင့် အခြားကဏ္ဍများတွင် အုပ်ချုပ်ရေးပိုင်းသည်ပါဝင်ကြောင်း၊ အုပ်ချုပ်ရေးပိုင်းကောင်းမွန်မှသာ တပ်များ၏ စွမ်းရည်နှင့် စွမ်းအားများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ **တာဝန်ရှိသူများက အုပ်ချုပ်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လိုက်ပါဆောင်ရွက်နေရသူများအနေဖြင့်လည်း မိမိတို့၏ တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ထိန်းသိမ်း** ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **အုပ်ချုပ်ထောက်ပံ့မှုများကောင်းမွန်ခြင်းသည် တိုက်ပွဲအောင်နိုင်ရန်အတွက် များစွာအရေးကြီးကြောင်း။**

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်နှင့်

**စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သူ တစ်ဦးကို ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေကြောင်း၊ အသောက်အစား အပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ပြည့်ဝစွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် ရှက်သွားကြရန်လိုကြောင်း။

**ပညာရေးအားပေးရန်နှင့် တပ်မတော်သားကောင်းများဖြစ်စေရန်**

တပ်မတော်သား မိသားစုဝင်များ၏ ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိမိတို့၏ သားသမီးများကို ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ အနည်းဆုံးအဆင့် အခြေခံပညာအလယ်တန်း အောင်မြင်အောင် သင်ကြား၍ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ၌ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **မိမိတို့သားသမီးများ၏** ဖြစ်ကြောင်း၊ **ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များ အသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့် မိမိတို့၏အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်း အသိတရားဖြင့် အသုံးပြုကြရန်လိုကြောင်း၊** တာဝန်ရှိသူများကလည်း စစ်ဆေးကြပ်မတ်ပေးနေရန်လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေးအတွက် ကာကွယ်ရေးစွမ်းပကားများ တိုးတက်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **မိမိကိုယ်ကို ကောင်း**နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရန် လိုကြောင်း။

အုပ်ချုပ်မှုကောင်းအောင်၊ သက်သာချောင်ချိမှုများရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်သားတစ်ဦးချင်းစီ၏ စိတ်ဓာတ်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ တပ်တည်ဆောက်ရေးလုပ်ငန်းတာဝန်ကြီးလေးရပ်ကို အလေးထားလိုက်နာဆောင် **ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ကိုယ်တိုင်လည်း စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လိုကြောင်း၊** ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာပေးဆောင်းပါးများကိုလည်း ဖတ်ရှုလေ့လာပြီး အချင်းချင်း ပြန်လည်မျှဝေဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်လာမည် **အောင်ထိန်းသိမ်းဆောင်ရွက်ပြီး တပ်မတော်သားကောင်းများပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တပ်မတော်အတွက် နာမည်ကောင်းကျန်အောင် အားလုံး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့်** ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များကို ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါ ကုသပျောက်ကင်းမှု အခြေအနေများကို

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ

**တပ်မတော်သားများ တစ်ဦးချင်းအနေဖြင့် အမြဲကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လို၊ နေ့စဉ်ဆောင်ရွက်ရသည့် သမားစဉ်လုပ်ငန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်နေရန်လို . . .**

**တာဝန်ရှိသူများက အုပ်ချုပ်ရေးလုပ်ငန်းများဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လိုက်ပါဆောင်ရွက်နေရသူများအနေဖြင့်လည်း မိမိတို့၏ တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို၊ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်ခြင်းသည် တိုက်ပွဲအောင်နိုင်ရန်အတွက် များစွာအရေးကြီး . . .**

ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ စစ်သည် မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ စစ်သည်များ၏ မိသားစုဝင်များကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့သည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ၆၂ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ၆၂ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကိုယနေ့ညနေပိုင်းတွင်နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ၆၂ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ထို့နောက်အခမ်းအနားကို စတင်ကျင်းပရာ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆိုင်ရာ ရုပ်သံမှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ရှရီအဘ်ဟေးတာကူးရ်က အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြား၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ၁၉၆၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ခဲ့သည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် သက်တမ်းအရှည်ကြာဆုံး နိုင်ငံတကာစွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များအနက် တစ်ခုဖြစ်ကြောင်း၊ မိတ်ဖက်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များဆောင်ရွက်ခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတိုးတက်လာသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အရေးပါသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပါရှိသည်ကိုလည်း တွေ့ရှိရသောကြောင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေး၊ ခရီးသွားလာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များသာမက နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် မြန်မာနိုင်ငံ၌ သဘာဝဘေးဒဏ် ထိခိုက်ခံစားခဲ့ရသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ခဲ့ခြင်းများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစီအစဉ်မှ ဖွင့်လှစ်သင်ကြားပေးခဲ့သော သင်တန်းများတွင် တက်ရောက်အောင်မြင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်တတ်မြောက်လာသည့် အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် အထောက်အကူပြု တာဝန်ထမ်းဆောင်လျက်ရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ယနေ့ အထိမ်းအမှတ်အခမ်းအနား၏ အောင်မြင်မှုကို ဂုဏ်ပြုရင်း နောင်လာမည့်နှစ်များတွင်လည်း အောင်မြင်မှုများ ပိုမိုရရှိပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သင်တန်းသားဟောင်းများက အတွေ့အကြုံများကို ရှင်းလင်းမျှဝေပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားသို့တက်ရောက်လာကြသူများသည် အိန္ဒိယယဉ်ကျေးမှုအကအဖွဲ့များ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကာ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဍဝ၁)

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်


တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အမျိုးသား၊အမျိုးသမီး ဗိုလ်လုပွဲပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်း ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမျိုးသမီးအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုများနှင့်ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် စက်တင်ဘာ ၃ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဍဝ၁)

# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်း (တောင်လေးလုံး)မှ သန္ဓေတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ


၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်း(တောင်လေးလုံး)မှ သန္ဓေတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်း (တောင်လေးလုံး)မှ ကျောင်းအုပ်ကြီး ရဲမှူးကြီး ဇော်မိုး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များသည် ယနေ့တွင် အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံသို့ စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများက သွေးလှူဒါန်းကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သွေးအမျိုးအစားခွဲခြားပေးခြင်း၊ ပေါင်ချိန်ခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြပြီး ကျောင်းအုပ်ကြီး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်ဦးရေ ၇၀ တို့က စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဍဝ၁)

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ ကျင်းပမည့်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကောင်းမွန်သည့် သံတမန်ဆက်ဆံရေးထူထောင်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံကောင်းအဖြစ် အစဉ်အမြဲ ရပ်တည်ပေးနေမှုအခြေအနေများ၊ ကျင်းပမည့်ရွေးကောက်ပွဲတွင် ပြောင်းလဲကျင့်သုံးမည့်ရွေးကောက်ပွဲစနစ်နှင့် စပ်လျဉ်းသည့်အခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတင်သွင်းမှုအခြေအနေများ၊ ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်မည့် အခြေအနေများနှင့် မဲဆန္ဒရှင်စာရင်း ပြုစုဆောင်ရွက်မှုအခြေအနေများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုသွားမည့် အခြေအနေများနှင့် မဲဆန္ဒရှင်အသိပညာပေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိသည့် ရွေးကောက်ပွဲအဖြစ် ဖော်ဆောင်နိုင်ရေး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ပြုသွားမည့် အခြေအနေများ၊ သတင်းမီဒီယာဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ အပါအဝင် နည်းပညာဆိုင်ရာသင်တန်းများကို အိန္ဒိယနိုင်ငံ၏ကူညီမှုဖြင့် ရွေးကောက်ပွဲလွန်ကာလတွင် ဆောင်ရွက်သွားလိုသည့် အခြေအနေများနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၉**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ် Grand Ball Room ခန်းမ၌ ကျင်းပသည်။

ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တစ်ခုတည်းသော စာချုပ်ဖြစ်ကြောင်း၊ NCA သည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်သွားနိုင်ရေးတို့အတွက် လွှတ်တော်ပြင်ပတွင် ဆောင်ရွက်နိုင်သည့် လမ်းကြောင်းတစ်ခုဟုလည်း ဆိုနိုင်ကြောင်း၊ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသော လုပ်ငန်းကော်မတီများအနေဖြင့် အချိတ်အဆက်မိမိဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ NCA အခမ်းအနား တက်ရောက်မည့်သူများအား ဖိတ်ကြားမှုကို အချိန်မီ ဖိတ်ကြားပေးစေလိုကြောင်း၊ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် ဝန်ကြီးဌာနများကလည်း ပြခန်းများ ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခမ်းအနားအတွက် လုပ်ငန်းကော်မတီအလိုက် သုံးစွဲကုန်ကျမည့်ငွေများနှင့်ပတ်သက်၍ ဘဏ္ဍာရေးညွှန်ကြားလွှာပါ စည်းမျဉ်းများအတိုင်း စနစ်တကျဖြင့် စိစစ်တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စများကို အသေးစိတ်ကြိုတင်စီမံဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးကိစ္စရပ်များ၊ ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကာ ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။


NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန်၊ အဓိကသက်ဆိုင်ရာ အဖွဲ့အစည်း Stakeholders များအကြား ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်သည့် ဆွေးနွေးမှုများကို တိုးမြှင့်ရန် ရည်ရွယ်၍လည်းကောင်း၊ NCA ၏ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြည်သူလူထု သဘောပေါက်သိရှိနားလည်ပြီး ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကိုဖော်ထုတ်၍ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍လည်းကောင်း ကျင်းပရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

NCA အခမ်းအနားသို့ NCA ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူများ၊ NCA လက်မှတ်ရေးထိုးခဲ့ကြသူများ၊ NCA အသိသက်သေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် လေ့လာသူများကို ဖိတ်ကြားမည်ဖြစ်သည်။ တက်ရောက်လာကြသူများအနေဖြင့် NCA ၏ ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်း အမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ပြီး အလွတ်သဘော ကျယ်ပြန့်စွာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာလေ့လာရန်အတွက် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သည့် ဗိုလ်မှူးကြီးဇာနည်အောင်ဦးဆောင်သော မြန်မာ့တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ပြန်လည်ရောက်ရှိကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



မြန်မာ့တပ်မတော် (ကြည်း၊ရေ၊လေ)မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုး နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

အဆိုပါ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည် ဦးရေ ၁၂၀ ပါဝင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်နှင့် ပေ ၈၀ မဟာဗုဒ္ဓ(ဂျပန်) ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လှည့်လည်ဖူးမြော်ခြင်း၊ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်ခဲ့သော ဥရုဝေလတောနေရာသို့ သွားရောက်ဖူးမြော်ခြင်း၊ သူ့ဇာတာအိမ်တော်ရာစေတီအား လည်ပတ်ကြည့်ရှုခြင်းနှင့် မြန်မာဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်ကြီးထံမှ သီလခံယူကြပြီး ဉာဏ်တော်အမြင့် ၁၂ လက်မရှိသော စကျင်ကျောက်ဖြင့်ထုလုပ်ထားသော မာရဝိဇယပုံတူရုပ်ပွားတော် တစ်ဆူ၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဂျာရပ်ချ်မန်ဂျီတောင် အထိမ်းအမှတ်နေရာ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာနှင့် ဝေဠုဝန်ဥယျာဉ်တို့အား သွားရောက်လှည့်လည် လေ့လာကြည့်ရှုခြင်းနှင့် Myanmar Buddhist Academic Center သို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ မြန်မာ့တပ်မတော် (ကြည်း၊ရေ၊လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်ထိ အိန္ဒိယသမ္မတနိုင်ငံတွင် လေ့လာလည်ပတ်၍ အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာ



အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ပန်းခွေချ အလေးပြုကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ခင်မင်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သော COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ သတ္တသတ္တာဟစေတီတော်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများလှူဒါန်းခြင်း၊ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ သွားရောက်လေ့လာခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာ၍ ပန်းခွေချအလေးပြုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ကြသည်။ အလားတူ စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင်လည်း အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Jasmine Hotel ၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

# မြို့နယ်လျှပ်စစ်မန်နေဂျာများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်အောက် မြို့နယ်လျှပ်စစ်မန်နေဂျာ ရုံးများတွင် တာဝန်ထမ်းဆောင်နေကြသော မြို့နယ်လျှပ်စစ်မန်နေဂျာများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ခေတ္တဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် ဌာနကြီးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး ခေတ္တဥက္ကဋ္ဌ ဦးတင်အောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။



ထို့နောက် ခေတ္တဥက္ကဋ္ဌက ပထမ၊ ဒုတိယ၊ တတိယထူးချွန်ဆုရရှိသော သင်တန်းသားများကို ဆုများပေးအပ်ချီးမြှင့်၍ သင်တန်းသားတစ်ဦးချင်းအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို မြို့နယ်လျှပ်စစ်မန်နေဂျာများအား ဓာတ်အားဖြန့်ဖြူးခြင်းဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် မြို့နယ်ရုံး၏ စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း၊ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများကို ပိုမိုသိရှိနားလည်၍ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်နှင့် မီးသုံးသူ ပြည်သူလူထုအား ဝန်ဆောင်မှုကောင်းပေးနိုင်စေရန် ရည်ရွယ်၍ သင်တန်းသား ၂၄ ဦးဖြင့် စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၀-၉-၂၀၂၅ ရက်နေ့မှ ၂၁-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# ရန်ကုန်မြို့အတွင်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအား ပျက်ပြားစေရန်ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့် စတေကာများ လိုက်လံကပ်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန်ရည်ရွယ်၍ လှုံ့ဆော်စာများရေးသားထားသည့် စတေကာများဖြင့် အများပြည်သူသွားလာနေသည့် နေရာများ၌ စတေကာကပ်၍ လှုံ့ဆော်သူ အမျိုးသားနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန်ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့် စတေကာများကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းကျေးရွာ ကျန်စစ်သားလမ်းနှင့် ဦးဖိုးလှိုင်လမ်းထောင့်ရှိ လမ်းညွှန်ဆိုင်းဘုတ်၌ကပ်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ လမ်းညွှန်ဆိုင်းဘုတ်ပေါ်၌ အလျား ခုနစ်လက်မ၊ အနံ လေးလက်မခန့်ရှိ နောက်ခံအနီရောင်ပေါ်တွင် အဝါရောင်ဖြင့် ရွေးကောက်ပွဲအား ဆန့်ကျင်လှုံ့ဆော်ရေးသားထားသည့် စာသားပါစတေကာ တစ်ရွက်နှင့် အနက်ရောင်မဲပုံးပေါ်တွင် ကျည်ဆန်ပုံသင်္ကေတန်များပါ စတေကာ တစ်ရွက်တို့ ကပ်ထားသည်ကို တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်း၍ ကျူးလွန်သူများအား လှိုင်သာယာ(အရှေ့ပိုင်း)မြို့မ ရဲစခန်းက(ပ)၈၁၇/၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် အမှုဖွင့်လှစ်၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူ ရန်နိုင်ကြည်ဝင်း(ခ) ရန်နိုင်(ခ)အကြီးကောင်၊ အောင်ရဲထွန်း(ခ) ရဲထွန်း။

ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သည့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၆)ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်ရဲထွန်း(ခ)ရဲထွန်း ၂၄ နှစ်နှင့် ရန်နိုင်ကြည်ဝင်း(ခ)ရန်နိုင် (ခ)အကြီးကောင် ၂၃ နှစ်တို့ကို စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ၎င်းတို့နေအိမ်မှ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၎င်းတို့၏ထွက်ဆိုချက်များအရ ၎င်းတို့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပျက်ပြားစေရန် ရည်ရွယ်၍ စက်တင်ဘာ ၁၃ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာ ၁၀ နေရာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်ရေးသားထားသည့် စာသားပါစတေကာများဖြင့် အသိပေး လှုံ့ဆော်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရကြောင်းနှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၅၀၁)**

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၂၈၀၀ စိုက်ပျိုးမည်


ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၂၈၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဂျုံကေ ၂၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးမြို့နယ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံကေ ၂၈၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။လျာထားကေပြည့်မီအောင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်သွားမှာပါ။ ဂျုံသီးနှံအထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးသွားမှာပါ"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံသီးနှံများ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးတက် ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများစနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံသီးနှံစိုက်ပျိုးမည့်တောင်သူများကို ဂျုံအထွက်နှုန်းတိုးရေးအတွက် တောင်သူများအား ပညာပေးသင်တန်းများ ပို့ချပေးပြီး မျိုးကောင်းမျိုးသန့်များရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဂျုံသီးနှံများကို ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ္သာတမြို့နယ်တွင် ကွမ်းရွက်များအရောင်းအဝယ်ကောင်းမွန်နေ

**ဟသ္သာတ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ္သာတမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ဟသ္သာတမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိသာချိန် ၅၀၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိဒေသထွက် ကွမ်းရွက်တွေ အရောင်းအဝယ်ကောင်းနေတာပါ။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသဈေးကွက်တွေက ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်အရောင်းအဝယ်သမားတွေက ဒေသထွက်ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး" ဟု ဟသ္သာတမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ဟသ္သာတမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ကွမ်းရွက်များကို အခြားဒေသများသို့ ပြန်လည်၍ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်အားကောင်းလာသည့်အတွက် ကွမ်းစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်-၁ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဘုတ်ပြင်း စက်တင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးချမ်းမြိုင်-၁ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက စက်တင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အေးချမ်းမြိုင်-၁ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြား အသေးစားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စတင်၍ ငွေကျပ်သန်း ၃၀ ဖြင့် မတည်ပေးခဲ့ပြီး ယခုအခါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အိပိုးပိုး**

# သင်ယူလေ့လာ မြတ်ပညာ

- သင်ပါကွဲ့ သင်ပါ၊
  ကလေးငယ် ပညာမြင့်ဖို့
  အစဉ်သဖြင့် လေ့လာ၊
  စာပေက အလိမ္မာ
  ထိန်ဖြာတဲ့ အနာဂတ်၊
  သင်သူဆီ ဂုဏ်နိမိတ်နဲ့
  ပုံရိပ်ထင်ဟပ်။

- သင်ပါကွဲ့ သင်ပါ၊
  အသိပညာ အတတ်ပေါင်းတော့
  မြတ်ကြောင်းအဖြာဖြာ၊
  ပညာရပ်တိုင်း စူးစိုက်ကာ
  အထူးလှိုက်စွာ လေ့လာအပ်၊
  ပညာပျော် လူမျိုးဟာ
  ဇမ္ဗူတစ်ရိုးမှာ မြတ်။

- သင်ပါကွဲ့ သင်ပါ၊
  လူငယ်ရွယ် လူလတ်ကြီး
  ဆည်းပူးဖို့သာ၊
  တိုးပွားတဲ့ပညာ
  မင်္ဂလာနဲ့ နိမိတ်ကောင်း၊
  ပညာဆို လိုသည့်အရပ်
  အအိုမရှိတတ် ကြောင်း။

- သင်ပါကွဲ့ သင်ပါ၊
  မြတ်ပညာ တတ်သူများ
  ခေါင်ဖျားမိုးမှာ၊
  မြင့်မားလို့ တန်ခိုးဖြာ
  စိုးမိုးကာ ကမ္ဘာလွှမ်း၊
  ပညာကို ကြိုးစားကြည့်ပါတော့
  အိုကွယ်...
  တိုးပွားမည့်လမ်း။ ။

လွမ်းလေးကို(သရက်)

# ကျောက်ဆည်မြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဆုံကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၇၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ချောင်းဆုံကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၇၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**



ဝတ္ထုတိုကလျာ

# အရိုင်းတို့ကမ္ဘာ

## မနှင်းဖွေး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကနေ ထုတ်လွှင့်ပြသခဲ့တဲ့ "Untamed World" ဇာတ်လမ်းတွဲထဲက သမင်ရယ်၊ ကျားရယ်၊ မြေခွေးရယ်၊ လင်းတရယ်ပါဝင်တဲ့ ပြကွက်လေးကို ကြည့်မိကြမှာပါ။

သိတဲ့အတိုင်း "Untamed World" ဇာတ်လမ်းတွဲက ဟိုး…အာဖရိကတိုက် တောနက်ကြီးထဲက တောရိုင်းတိရစ္ဆာန်တွေရဲ့ စားသောက်ရှင်သန်မှုဘဝ၊ ထွေလီဆန်းပြားတဲ့အလေ့အထ၊ အံ့ဖွယ်ထူးခြားတဲ့ သဘာဝတွေကို ခက်ခက်ခဲခဲ၊ စွန့်စွန့်စားစားရိုက်ပြထားတာတွေမဟုတ်လား။ အဲဒီမှာ သိပ်လှပြီး သိပ်ရှားပါးတဲ့ငှက်မျိုးစုံကို မြင်ရတယ်။ ဆင်ရိုင်းကြီးတွေ အုပ်စုလိုက် တောပြောင်းတာကို တွေ့ရတယ်။ မြွေနဲ့မြွေပါ သူနိုင်ကိုယ်နိုင်အပြိုင်ကြဲတိုက်ခိုက်ကြတာလဲပါတယ်။ မြွေတစ်ကောင်က သစ်ပင်ပေါ်တက်ပြီး ငှက်ဥတွေနှိုက်စားနေတုန်း ဥပိုင်ရှင်ငှက်ကြီး ပြန်ရောက်လာလို့ မြွေကို နှုတ်သီးနဲ့ ပေါက်သတ်တာတွေ၊ ဒရယ်လေးတစ်ကောင် ချောင်းစပ်ရေသောက်အဆင်း မိကျောင်းကြီးက ရုတ်တရက်ဟပ်လိုက်ပြီး ရေထဲဆွဲချသွားတာတွေ။ အစုံ အစုံပါပဲ။

အခြားလူတွေတော့ မသိဘူး။ ကျွန်မကတော့ အဲဒီဇာတ်လမ်းတွဲလာတိုင်း စိတ်ဝင်တစားနဲ့ ကြည့်ဖြစ်တယ်။ မမြင်ဖူးတာတွေမြင်ရလို့ပါ။ လူတွေအကြောင်းချည်းကြည့်ရတာ ကြာတော့ငြီးငွေ့လာတယ်လေ။ တိရစ္ဆာန်တွေအကြောင်းကိုသိချင်လို့ အပြောင်းအလဲအနေနဲ့ ကြည့်တာပါ။

စောစောက ကျွန်မပြောတဲ့ပြကွက်လေးကို ပြန်ပြောပြမယ်နော်။ ပထမဦးဆုံး ဘာပြသလဲဆိုတော့ သမင်အုပ်စုကြီး။ နည်းနည်းနောနောမဟုတ်ဘူး။ အကောင်ပေါင်းရာထောင်ချီမယ်ထင်တယ်။ ကွင်းပြင်ကြီးတစ်ခုကို ဖြတ်ပြေးနေကြတာ။ ကြည့်လို့လဲ သိပ်လှတာပဲ။

သူတို့ ဖြတ်ပြေးတဲ့နေရာနဲ့ မလှမ်းမကမ်းချုံပုတ်တွေမှာ ကျားသုံးကောင်ကလဲ ရှိနေတယ်။ အရွယ်ကြီးပါတယ်။ အဲဒီ ကျားကြီးသုံးကောင်ဟာ သမင်အုပ်စုကြီးဖြတ်ပြေးတာကို ဒီအတိုင်းပဲ ထိုင်ကြည့်နေကြတယ်။ ဘာမှမလုပ်ဘူး။ ကိုယ်နဲ့မဆိုင်သလိုပဲ။

သမင်အုပ်စုကြီးဖြတ်သွားပြီး တစ်အောင့်လောက်နေတော့ သမင်သငယ်လေးတစ်ကောင်ဟာ ဘယ်ကဘယ်လို ပေါ်လာမှန်းမသိဘူး။ အဖော်တွေနောက်ကို သူ့ခမျာ မမီမကမ်းနဲ့ ပြေးလိုက်လာရှာတယ်။

အဲ… အဲဒီသမင်ကို အဖော်မပါတစ်ကောင်တည်းလဲတွေ့ရော စောစောက သမင်အုပ်စုကြီးကို ကိုယ်နဲ့မဆိုင်သလို ငုတ်တုတ်ထိုင်ကြည့်နေခဲ့တဲ့ ကျားတွေဟာ ချက်ချင်းခေါင်းကြီးတွေထောင်လာတယ်။ ဖျတ်ဆို နားရွက်ကြီးတွေမတ်လာတယ်။ နောက်တော့ ဘာပြောကောင်းမလဲ ကျားတစ်ကောင်ဟာ အဲဒီသမင်လေးနောက်ကို ဝုန်းခနဲထလိုက်တော့တာပါပဲ။

သမင်ကလဲ သူ့ကို ကျားလိုက်နေမှန်းသိတော့ ပြေးရှာတာပေါ့။ သူ့ခမျာ ခြေထောက်နဲ့မြေကြီးထိတယ်တောင် မထင်ရဘူး။ သနားစရာကောင်းလိုက်တာ။

သမင်ကလဲ အသက်ဘေးမို့တအားပြေး။ ကျားကလဲ အစာမို့ တအားလိုက်။ လွှားခနဲ၊ လွှားခနဲ၊ ရိပ်ခနဲ၊ ရိပ်ခနဲ။

ကျွန်မဖြင့် ကြည့်ရင်းနဲ့ ရင်တွေတဒိတ်ဒိတ်ခုန်လာတယ်။ သမင်လေးကို မမိပါစေနဲ့၊ သမင်လေး လွတ်မြောက်ပါစေလို့လဲ စိတ်ထဲ ဆုတောင်းနေမိတယ်။

ပြေးသူက ပြေး၊ လိုက်သူက လိုက်နဲ့။ သမင်က မောပန်းလာပုံရတယ်။ ပြေးအား မသိမသာလျော့လာတယ်။ ကျားကတော့ ပုံမှန်ပဲ။ လိုက်အားမလျော့ဘူး။

ဒီနေရာမှာ အကောင်အကြီး၊ အသေး စကားပြောတော့တာပဲ။ သမင်နဲ့ကျား ခွန်အားချင်းလဲ မတူဘူး။ သက်လုံလဲကွာတယ်။ ရေရှည်မှာ ဘယ်ယှဉ်နိုင်ပါ့မလဲ။

နောက်ဆုံးကျတော့. . .

ချုံပုတ်ကလေးတစ်ချုံအနားမှာ ပြေးရှိန်လျော့သွားတဲ့သမင်လေးအပေါ် ကျားက လွှားခနဲခုန်အုပ်ပြီး လည်ကုပ်ကို ဖမ်းခဲလိုက်တာ၊ ဘုရား… ဘုရား…။ ကျွန်မဆိုတာ အမယ်လေးသေပါပြီ၊ လုပ်ကြပါအုံးလို့ လွှတ်ခနဲယောင်အော် အော်မိတဲ့ထိပါပဲ။ သမင်လေးကို သနားလိုက်တာမပြောပါနဲ့တော့။

စိတ်မကောင်းလျက်နဲ့ပဲ တီဗွီကို ဆက်ကြည့်မိတယ်။

ကျားက သမင်ကိုလဲမိရော အနီးအနားက သစ်ပင်တစ်ပင်အောက်ကို ကိုက်ချီသွားတယ်။ သမင်ကတော့ သေပြီပေါ့။ ချက်ကောင်းကို အကိုက်ခံထားရပြီ ဆိုမှတော့။

သစ်ပင်အောက်ရောက်လို့ စားမယ်လဲလုပ်ရော "ဝေါင်း"ဆို နောက်ထပ် ကျားတစ်ကောင်ပေါ်လာတယ်။ အမယ် သူကလဲ အဲဒီသမင်ကို ဝင်လုစားတယ်။ သူဝင်စားလို့ မကြာသေးဘူး။ နောက်ထပ် ကျားတစ်ကောင်ပေါ်လာပြီး အို… ကျားသုံးကောင်သားတဝေါင်းဝေါင်းနဲ့ သမင်လေးကိုအမဲဖျက်စားသောက်လိုက်ကြတာ သွေးရဲရဲ၊ သံရဲရဲနဲ့ ကြည့်ဝံ့စရာတောင်မရှိပါဘူး။

အဲဒီလို ကျားသုံးကောင်က သမင်လေးကို အားရပါးရစားနေတုန်း မလှမ်းမကမ်းက ကမူလေးတစ်ခုအပေါ်မှာ မြေခွေးတစ်ကောင်ရောက်လာတယ်။ ကျားတွေက သမင်သားကို မြိန်ရေရှက်ရေစားနေတာကို ငုတ်တုတ်ထိုင်စောင့်ပြီးကြည့်နေတယ်။ မြေခွေးက တစ်ကောင်ဘယ်ဟုတ်မလဲ။ နှစ်ကောင်၊ သုံးကောင်၊ ဟာ… လေးကောင်တောင်ပါလား။ လေးကောင်သား အရိပ်အကဲကြည့်ပြီး စောင့်နေကြတာ အံ့သြစရာ။

ကျားတွေက ပေါင်သား၊ လက်သားစတဲ့ အသားကောင်းတွေ စိတ်ကြိုက်စားပြီး ဝသွားလို့ထင်ပါရဲ့၊ သမင်ခေါင်းနဲ့ အရိုးအရင်းတွေ ဒီအတိုင်းချန်ထားပြီး ထွက်သွားကြရော။

ကျားတွေထွက်သွားတော့မှ ငုတ်တုတ်ထိုင်စောင့်နေတဲ့ ကိုရွှေမြေခွေးတွေက တစ်စခန်းထလာပြီး သမင်ကို အားရပါးရဝင်ဆွဲကြပြန်တယ်။ အချင်းချင်းလဲ စားမာန်ခုပ်ပြီးလုလိုက်ကြတာ သဲကြီးမဲကြီးပဲ။

ကျွန်မလဲ စိတ်ထဲမကောင်းပေမဲ့ မထူးဘူးဆိုပြီး ကြည့်လက်စနဲ့ ဆက်ကြည့်နေမိတယ်။

အဲဒီလိုမြေခွေးတွေက အရိုးနားကပ်နေတဲ့အသားတွေလုစားလို့မပြီးခင် သူတို့ စားနေတဲ့နေရာက သစ်ပင်ပေါ်မှာ လင်းတတစ်ကောင် လာနားတယ်။ အတောင်ပံကို တစ်ချက်၊ နှစ်ချက်ခတ်ပြီး အောက်ကို ငုံ့ကြည့်တယ်။

အဲဒီလင်းတရောက်လာပြီး ဘာမှမကြာဘူး။ နောက်ထပ် လင်းတတွေ ဘယ်က ဘယ်ကမှန်းမသိ ရောက်လာလိုက်ကြတာ။ အို…သစ်ကိုင်းခြောက်ပေါ်မှာ လင်းတတွေချည်းပဲ။ မြေခွေးတွေ စားအပြီးကို စောင့်နေကြတာလေ။ သစ္စာရှိလိုက်ပုံများ။

အဲ…မြေခွေးတွေက ရှိရှိသမျှ အသားအကတ်အသတ်တွေ စားပြီးထွက်သွားပြီဆိုမှ လင်းတတွေ၊ လင်းတတွေ တစ်ကောင်ပြီးတစ်ကောင် သစ်ပင်ပေါ်က ဆင်းလာကြတယ်။ အကောင်ကြီးတွေ မစားတော့ဘဲချန်ထားတဲ့ အရိုးအရင်းအကြွင်းအကျန်၊ ကလီစာအကြွင်းအကျန်တွေကို ဝင်ဆွဲကြပြန်တယ်။ ဝင်လုကြပြန်တယ်။ ဆူလို့ညံလို့။ မျက်စိရှေ့မှာတင် သမင်လေးဟာ အစအနကို ပျောက်သွားတယ်ပဲပြောပါတော့။

ပြကွက်က အဲဒါပါပဲ။

စိတ်ထိခိုက်လိုက်တာလေ မပြောပါနဲ့တော့။ စိတ်ထိခိုက်တာနဲ့အမျှ တွေးစရာတစ်ပြုံတစ်ခေါင်းကြီး ရလိုက်တယ်။

အဲဒီည ကျွန်မအိပ်မပျော်တော့ဘူး။

နောက်နေ့မနက် ရုံးရောက်တော့ လုပ်ဖော်ကိုင်ဖက်တွေကို အဲဒီပြကွက်အကြောင်း အသေးစိတ်ပြောပြမိတယ်။

"အဲဒါကြည့်ပြီး ကျွန်မတော့တအားခံစားရတာပဲ။ ရင်ထဲမှာ ဆို့ဆို့နင့်နင့်တင်းတင်းကျပ်ကျပ်ကြီးကို ခံစားရတာ။ အဲဒီအကြောင်းကိုအခြေခံပြီး ဝတ္ထုတစ်ပုဒ်လောက် ရေးချင်စိတ်လဲ ပေါက်မိတယ်။ ဘယ်လိုရေးရမှန်းမသိလို့"

ကျွန်မ အဲဒီလိုလဲ ညည်းညူမိတယ်။

ဒီအခါမှာ ရွှေသွေးတို့၊ မိုးသောက်ပန်းတို့၊ တေဇတို့၊ လှပတို့မှာ ကလေးပုံပြင်တွေ၊ ကလေးကဗျာတွေ အရေးများတဲ့ လုပ်ဖော်ကိုင်ဖက်က ပြောတယ်။

"ရေးပေါ့၊ ကောင်းသားပဲ။ နွားကွဲရင် ကျားကိုက်တတ်တယ်ဆိုတဲ့ ဦးတည်ချက်နဲ့ရေးပေါ့"တဲ့။

ရုပဗေဒနဲ့ဘွဲ့ရပေမဲ့ သမိုင်းဘာသာရပ်ကိုလဲ စိတ်ဝင်စားတဲ့မိတ်ဆွေက အခုလို ပြောပြန်တယ်။

"ဒါ တောတွင်းနိယာမ Jungle Law ပဲလေ။ ကြီးနိုင်ငယ်ညှဉ်းစနစ်ဟာ တိရစ္ဆာန်တွေရဲ့ သဘာဝတရားဗျ။ သူတို့ရဲ့ ဘဝရပ်တည်ရေးဟာ The Survival of the Fittest ခွန်အားအကြီးဆုံးကောင်ပဲ နောက်ဆုံး အသက်ရှင်သန်ကျန်ရစ်တဲ့ သဘောပေါ့"တဲ့။

သကြ်ာန်ရုံးပိတ်ရက်နဲ့ ခွင့်ဆက်ယူပြီး သဲအင်းဂူ ၁၀ ရက် ဝိပဿနာတရားစခန်းဝင်ဖို့ အလုပ်တွေ လက်စသတ်နေတဲ့ အစ်မကြီးကလဲ ဝင်ပြောတယ်။

"အချုပ်ကတော့ သမင်လေးရဲ့ ကြမ္မာဝိပါက်ပဲ ပြောပါတော့။ ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့။ အတုံ့အလှည့်ဆိုတာရှိစမြဲပဲ။ အရင့် အရင်ဘဝတွေတုန်းက သမင်ကလဲ ဘာဘဝနဲ့ ဘယ်သူတွေကို စားခဲ့မှန်းမှမသိတာ။ သံသရာဟာ လည်နေတာပဲ ညီမရဲ့"

ဒီအချိန်မှာ ရှေ့ကစားပွဲမှာ ကျွန်မကို ကျောပေးပြီး ထိုင်နေတဲ့ လူတစ်ယောက်ဟာ ဖြုန်းဆို ကျွန်မဘက်ကို ရုတ်တရက်လှည့်လာတယ်။ သြော်… ကိုခင်ကျော်ဗလကိုး။ ကြည့်စမ်း။ သူထိုင်နေတာကို စောစောက ကျွန်မလုံးဝသတိမထားမိဘူး။ ပြကွက်ကို ပြောချင်ဇောနဲ့ပဲ ပြောနေမိခဲ့တာ။ သူကလဲ ကျွန်မကို တစ်ချိန်လုံးကျောပေးပြီး ထိုင်နေတာကိုး။

အဲ… ကြုံကြိုက်လို့ ကိုခင်ကျော်ဗလအကြောင်း နည်းနည်းပြောပြပါရစေ။ သူက ခေတ်ပညာတတ်တစ်ယောက်ပါ။ စာလဲ အတော်ဖတ်ပါတယ်။ ဒါပေမဲ့ စိတ်ကျန်းမာရေးတော့ မကောင်းရှာပါဘူး။ မဟာဝိဇ္ဇာအတွက်ကျမ်းပြုရင်း စာတွေတအားဖတ်ပြီး စိတ်ဖောက်သွားတယ်ပြောတာပဲ။ ဒါပေမဲ့ ရုံးကိုတော့ မကြာခဏရောက်ရောက်လာတယ်။ စာအုပ်မြင်ရင် စားမတတ်ဝါးမတတ်ဖတ်ပြီး တောပြောတောင်ပြောပြောတဲ့လူ။

သူက ကျွန်မဘက်လှည့်လာပြီး ပထမပြုံးပြတယ်။ ဒုတိယ ပုလင်းဖင်လိုထူနေတဲ့ သူ့မျက်မှန်ကို ချွတ်တယ်။

"အဟတ်… အဟတ်… အဟတ်… အဟတ်"နဲ့ ပခုံးကို တွန့်တွန့်ပြီးရယ်တယ်။ ပြီးတော့ မျက်လုံးလေးစင်းပြီး တစ်လုံးချင်း ပြောတယ်။

"ရေးပေါ့ဗျ။ စားမာန်ခုပ်တယ်ဆိုတာ တန်းတူချင်းမှခုပ်လို့ရတယ်လို့။ ကျားကျားချင်း၊ မြေခွေးမြေခွေးချင်း၊ လင်းတလင်းတချင်း။ အဲ တန်းမတူရင်တော့ ဝင်မစွက်နဲ့၊ ထိုင်စောင့်နေ။ ပွဲတော်ကျမှစားလို့။ ဟုတ်ဘူးလား။ အဟတ် အဟတ် ဟား"

အခုထိတော့ ကျွန်မ ဝတ္ထုမရေးဖြစ်သေးပါဘူး။

# ချောင်းဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၈၇၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၈၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၈၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ နေကြာ ၂၈၇၅ ဧက ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာ စိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# လေးမျက်နှာမြို့နယ် ရစ်ဖောက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လေးမျက်နှာ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ရစ်ဖောက်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရစ်ဖောက်ကုန်းကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လေးမျက်နှာမြို့နယ်ရစ်ဖောက်ကုန်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် နှစ်လက်မရှိစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အရှည် ငါးပေ၊ အကျယ် ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းနှင့် အရှည် ပေ ၃၀၊ အကျယ်ပေ ၃၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရန်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀ သန်းဖြင့် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သံသာ**

# မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

**မြောင်းမြ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ စပါး ၁၆၅၇၃၈ ဧကထိ စိုက်ပျိုးထားပါတယ်။ ဒီနေ့မှာတော့ စပါးဧကအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ စပါးတွေ စိုက်ပျိုးရာမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေး လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။



စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ပိုင်ရမ်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**ဘားအံ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခေတ်မီ စံပြကျေးရွာထူထောင်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ပိုင်ရမ်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၏ ရည်ရွယ်ချက်နှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့သည်။

ပိုင်ရမ်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကဏ္ဍခြောက်ခုဖြစ်သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ သွင်းအားစုနှင့် ငွေကြေးထောက်ပံ့ခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားရေး မြှင့်မားရေး၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စသည့် ကဏ္ဍများကို ဆက်စပ်ဦးစီးဌာနများဖြင့် ချိတ်ဆက်၍ ငါးနှစ်စီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်ထံမှ သိရသည်။ **ကိုသက်**

# အုတ်တွင်းမြို့နယ် ရေဖြူကင်း(အနောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းရစ်ဆယ် ကျေးရွာအုပ်စု ရေဖြူကင်း (အနောက်)ကျေးရွာ၌ အဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ရေဖြူကင်း(အနောက်)ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းနှင့် စီမံကိန်း မှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေ ထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်းကို ရေဖြူကင်း(အနောက်)ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်း၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရေဖြူကင်း (အနောက်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ လှုပ်ရှားမှုနှင့် အနာဂတ်အလားအလာ

ဝင်းဇင်(သုတေသန)




ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးဆွေးနွေးပွဲကို ယခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်ထိ တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံပေါင်း ၂၀ ကျော်မှ ခေါင်းဆောင်များနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

တရုတ်၊ ရုရှား၊ ကာဂျစ်စတန်၊ ကာဇက်စတန်နှင့် တာဂျစ်ကစ္စတန်တို့သည် ၁၉၉၆ ခုနှစ်တွင် Shanghai Five ကို စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ဥဇဘက်ကစ္စတန်ပါဝင်ကာ SCO အဖွဲ့ကို စတင်ပြင်ဆင်ဖွဲ့စည်းထူထောင်ခဲ့သည်။ ၎င်းအဖွဲ့သည် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန်၊ အိမ်နီးချင်းကောင်းများနှင့် ဆက်ဆံရေးမြှင့်တင်ရန်နှင့် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့်အစွန်းရောက်ဝါဒ ဆန့်ကျင်တိုက်ဖျက်သွားရန် ကြိုးပမ်းလျက်ရှိသည်။

SCO အဖွဲ့သည် ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ဝင်အရေအတွက် တိုးတက်လာလျက်ရှိရာ လက်ရှိအချိန်တွင် ဘယ်လာရုစ်၊ တရုတ်၊ အိန္ဒိယ၊ အီရန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ ပါဝင်လာပြီဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် မိတ်ဖက်နိုင်ငံ အားလုံးပေါင်းလျှင် SCO အဖွဲ့သည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ GDP ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုလျက်ရှိသည်။

အလယ်အာရှနိုင်ငံများ၏အရေးကို အလေးထားဆောင်ရွက်လျက်ရှိသည့် SCO အဖွဲ့သည် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အဖွဲ့ဝင်နိုင်ငံများ၏ ဘုံသဘောတူညီချက်လိုအပ်သည်။ ယခုနှစ် ဇွန်လတွင် အိန္ဒိယသည် SCO အဖွဲ့၏ပူးတွဲသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်ငြင်းဆိုခဲ့သည်။ အကြောင်းမှုကား အိန္ဒိယနိုင်ငံ အုပ်ချုပ်မှုအောက်၌ရှိသော ကက်ရှ်မီးယားဒေသရှိ ပါဟယ်ဟမ်(Pahalgam)တွင် ယခုနှစ် အစောပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြည်သူ ၂၆ ဦး သေဆုံးခဲ့ပြီး ၎င်းကိစ္စနှင့် စပ်လျဉ်း၍ SCO အဖွဲ့က ပါကစ္စတန်နိုင်ငံကို ရည်ညွှန်းဖော်ပြခဲ့ခြင်းမရှိသောကြောင့်ပင်ဖြစ်သည်။ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် SCO အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား လေးရက်ကြာ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

သို့သော် တီယန်ကျင်းကြေညာချက်၌ SCO သည် ပါဟယ်ဟမ်တွင် အကြမ်းဖက်တိုက်ခိုက်မှုကို ပြင်းထန်စွာရှုတ်ချခဲ့သည်။ တီယန်ကျင်း ကြေညာချက်ကို ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်က လက်မှတ်ရေးထိုးခဲ့သည်။ SCO အဖွဲ့၏လျှို့ဝှက်သောသဘောသဘာဝသည် မည်သည့်အရာများဖြစ်လာမည်ဆိုသောအချက်ကို ခန့်မှန်းရန်ခက်ခဲသော်လည်း တရုတ်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် တင်းမာမှုများရှိနေသည့်ကြားမှပင် SCO သွေးစည်းညီညွတ်မှုကိုဆက်လက်ထိန်းသိမ်းရန် စိတ်ပါဝင်စားကြောင်း ပြသခဲ့သည်။

တီယန်ကျင်း ကြေညာချက်၌ နိုင်ငံတကာစနစ်ကို သာတူညီမျှရှိသောကမ္ဘာကြီး တည်ဆောက်သွားရန် လိုအပ်ကြောင်းနှင့် အမေရိကန်၏ကိုယ်ကျိုးစီးပွားကာကွယ်မှုကြောင့် ကမ္ဘာ့စီးပွားရေး၊ အထူးသဖြင့် ကုန်သွယ်မှုနှင့် ဘဏ္ဍာရေးဈေးကွက်သည် ထိခိုက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသော်လည်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန်လိုအပ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ သာတူညီမျှရှိမှု၊ ဆွေးနွေးတိုင်ပင်မှု၊ မတူကွဲပြားသောယဉ်ကျေးမှုတို့ကို လေးစားတန်ဖိုးထားမှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်အကောင်အထည်မှုတို့ကို ရှန်ဟိုင်းစိတ်ဓာတ်ဖြင့် အကောင်အထည်ဖော်သွားရန် တီယန်ကျင်း ကြေညာချက်၌ ဖော်ပြထားသည်။

SCO အဖွဲ့သည် မဟာမိတ်ဖွဲ့စည်းမှုအပေါ် အလေးထားလျက်ရှိပြီး အထူးသဖြင့် SCO အဖွဲ့အတွင်း တရုတ်နှင့်ရုရှားတို့၏ ပြောင်းလဲလာသော အကျိုးစီးပွားများသည် သိသာပေါ်လွင်လာလျက်ရှိသည်။ SCO အဖွဲ့၏ ပြုပြင်ပြောင်းလဲတိုးတက်လာမှုသည် အလယ်အာရှနိုင်ငံများကို ဒေသတွင်းလုံခြုံရေးမှသည် ပထဝီနိုင်ငံရေးဆိုင်ရာအုပ်စုအဖြစ် ရပ်တည်သွားရန်ပင်ဖြစ်သည်။ အထူးသဖြင့် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက တစ်ဖက်၊ တရုတ်၊ ရုရှားနှင့် မိတ်ဖက်များကတစ်ဖက် ဖြစ်ပေါ်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုကြား ခိုင်မာသည့်အုပ်စုအဖြစ် ရပ်တည်သွားရန်ပင်ဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အိန္ဒိယနိုင်ငံ၏ သွင်းကုန်များအပေါ် စည်းကြပ်ခွန် ၅၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံလျက်ရှိပြီး ၂၅ ရာခိုင်နှုန်းသည် ရုရှားနှင့် ကုန်သွယ်မှုလုပ်ဆောင်သောကြောင့် ဒဏ်ခတ်ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်း အိန္ဒိယ၏ စွမ်းအင်တင်သွင်းမှု သုံးပုံခန့်သည် ရုရှားနိုင်ငံမှဖြစ်သည်။ SCO အဖွဲ့ အတွင်းရေးမှူးချုပ်ဟောင်း ဗလာဒီမာနိုရော့ဗ်က အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်မှုမူဝါဒကို ဆက်လက်ကျင့်သုံးနေဆဲဖြစ်သောကြောင့် နိုင်ငံများစွာသည် အမေရိကန်နေရာတွင် ကုန်သွယ်ဖက် အစားထိုးနိုင်ငံများကိုရှာဖွေလျက်ရှိကြောင်း၊ SCO အဖွဲ့သည် အနောက်အုပ်စုစီးပွားရေးပိတ်ဆို့မှုဒဏ်များကို လျှော့ချနိုင်ရန် စီးပွားရေးနှင့် သံခင်းတမန်ခင်းဆိုင်ရာ ထီးရိပ်မိုးပေးထားကြောင်း ပြောကြားသွားခဲ့သည်။

တရုတ်နိုင်ငံသည် အရေးပါသောနိုင်ငံများမှ ခေါင်းဆောင်များကိုစုစည်းနိုင်ခဲ့ပြီး SCO ထိပ်သီးဆွေးနွေးပွဲကာလတွင် နိုင်ငံ့ခေါင်းဆောင်များသည် နှစ်နိုင်ငံဆွေးနွေးပွဲများလုပ်ဆောင်ရန်အခွင့်အလမ်းကိုဆုပ်ကိုင်နိုင်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယူကရိန်းပဋိပက္ခ အမြန်ဆုံးအဆုံးသတ်ပြီး ထာဝရငြိမ်းချမ်းရေးထူထောင်နိုင်ရန်နှင့် လူသားထုတစ်ရပ်လုံးအတွက် နည်းလမ်းတစ်ရပ်ရှာဖွေသွားရန် ၎င်း၏မျှော်လင့်ချက်ကို ရုရှားသမ္မတပူတင်သို့ ဖွင့်ဟပြောဆိုနိုင်ခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် SCO အဖွဲ့၏ အခန်းကဏ္ဍ တိုးချဲ့ရေးနှင့်စပ်လျဉ်း၍ SCO အဖွဲ့ ဖွံ့ဖြိုးတိုးတက်မှုဘဏ်ထူထောင်ရန်နှင့် လာမည့် သုံးနှစ်အတွင်း SCO အဖွဲ့အတွက် ချေးငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံထုတ်ချေးသွားမည့် အစီအစဉ်တို့ကို ကြေညာခဲ့သည်။ တီယန်ကျင်းကြေညာချက်၌ တရုတ်-ကာဇက်စတန်-ဥဇဘက်ကစ္စတန် ရထားလမ်းဖောက်လုပ်သွားမည့် အစီအစဉ်ကိုလည်းဖော်ပြခဲ့သည်။ ၎င်းရထားလမ်းသည် အလယ်အာရှနှင့် တောင်ကော့ကေးဆပ်ဒေသကို ဖြတ်သန်းပြီး တရုတ်နိုင်ငံမှ ဥရောပသို့ဆက်သွယ်ထားသော အလယ်ပိုင်းစင်္ကြံ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

အမေရိကန်သမ္မတ ထရန့်၏ကုန်သွယ်မှု မူဝါဒများအပြင် အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုမြင့်တက်လာခြင်းကြောင့် SCO အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများသည် တီယန်ကျင်း၌ စုဝေးခဲ့ခြင်းဖြစ်သည်။ အီရန်မှသည် အင်ဒိုနီးရှားထိ၊ တူကီယဲမှသည် အီဂျစ်ထိ မတူကွဲပြားသောနိုင်ငံများပါဝင်သည့် SCO ညီလာခံ ကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံသည် ဒေသတွင်း ခေါင်းဆောင်အဖြစ်သာမက ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အမေရိကန်၊ ဥရောပသမဂ္ဂ သို့မဟုတ် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများသည် SCO အဖွဲ့နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်းမရှိပေ။ ထို့ကြောင့် အနောက်အုပ်စုအနေဖြင့် ယူရေးရှားဒေသစံနှုန်းများ ပုံဖော်တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ရန် အခွင့်အလမ်းများ ဆုံးရှုံးသွားဖွယ်ရာရှိနေပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုနှင့် တပ်ဖွဲ့အသုံးပြု၍ ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်းတို့သည် နိုင်ငံတကာဆက်ဆံရေး ပုံမှန်တိုးတက်ရေးအတွက် အခြေခံဖြစ်ကြောင်း အလေးထားဖော်ပြထားသည်။

SCO အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတကာနှင့် ဒေသတွင်းပြဿနာများကိုအုပ်စုဖွဲ့ပြီး ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းလိုသည့် အတွေးအခေါ်များကိုလည်း ဆန့်ကျင်ခဲ့ကြသည်။ အလယ်အာရှသည် SCO အဖွဲ့၏ ဗဟိုချက်မနေရာဖြစ်ကြောင်းနှင့် သက်ဆိုင်ရာနိုင်ငံများနှင့် ဒေသတွင်း အေးချမ်းမှု၊ လုံခြုံမှုနှင့် တည်ငြိမ်မှုတို့ထိန်းသိမ်းရန် အလယ်အာရှနိုင်ငံများ၏ ကြိုးပမ်းမှုများကိုလည်း ထောက်ခံကြောင်း တီယန်ကျင်း ကြေညာချက်၌ ဖော်ပြထားသည်။

တီယန်ကျင်းကြေညာချက်၌ ကာဂျစ်စတန်သည် SCO အဖွဲ့ဥက္ကဋ္ဌတာဝန်ကို အလှည့်ကျထမ်းဆောင်သွားမည်ဖြစ်ပြီး နှစ်ပတ်လည် ထိပ်သီးဆွေးနွေးပွဲကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ ဥဇဘက်ကစ္စတန်သည် SCO+လုံခြုံရေးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ကြောင်း၊ ကာဇက်စတန်သည် ၂၀၂၆ ခုနှစ်တွင် ကုလသမဂ္ဂ ဒေသဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို လက်ခံကျင်းပသွားရန်စီစဉ်ထားရှိကြောင်း ဖော်ပြထားသည်။

SCO အဖွဲ့သည် ပြောင်းလဲတိုးတက်လာလျက်ရှိပြီး မစ်ရှင်များတိုးချဲ့လာလျက်ရှိသောကြောင့် SCO အဖွဲ့အတွင်းရှိ အလယ်အာရှ အကျိုးစီးပွားများသည် ပြောင်းလဲလာလျက်ရှိသည်။ အလယ်အာရှဒေသနိုင်ငံများမှ ခေါင်းဆောင်များသည် SCO အဖွဲ့၏လုံခြုံရေးဆိုင်ရာအမြင်သဘောထားရှုထောင့်များကို စိတ်ပါဝင်စားလျက်ရှိသည်။ အလယ်အာရှဒေသ ငါးနိုင်ငံမှခေါင်းဆောင်များသည် တရုတ်နိုင်ငံသို့ရောက်ရှိခဲ့ပြီး သမ္မတရှီကျင့်ဖျင်၊ သမ္မတပူတင်အပြင် အခြားသော ကမ္ဘာ့ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

**❖ SCO အဖွဲ့သည် ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ဝင်အရေအတွက် တိုးတက်လာလျက်ရှိရာ လက်ရှိအချိန်တွင် ဘယ်လာရုစ်၊ တရုတ်၊ အိန္ဒိယ၊ အီရန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ ပါဝင်လာပြီဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် မိတ်ဖက်နိုင်ငံအားလုံးပေါင်းလျှင် SCO အဖွဲ့သည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့GDP ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုလျက်ရှိသည်။ ❖**

သည်။ ပိုမိုကျယ်ပြန့်သော ဒေသတွင်း အဖွဲ့အစည်းဖြစ်သည့် SCOအဖွဲ့သည် ခေါင်းမာသောအဖွဲ့အစည်း မဟုတ်ဘဲ ကာဇက်စတန်နှင့် အိန္ဒိယနိုင်ငံသည် အနောက်နိုင်ငံများပါဝင်လာမှုကို ကြိုဆိုလက်ခံသွားမည်ဖြစ်သည်။ အနောက်အုပ်စုအနေဖြင့် SCO အဖွဲ့ကို အာဏာရှင်များအတွက် ယူရေးရှားကလပ်အဖြစ် ရှုမြင်နေမည်ဆိုလျှင် အဆိုပါဒေသနှင့် ထိတွေ့ဆက်ဆံနိုင်မည် မဟုတ်ချေ။

တီယန်ကျင်းကြေညာချက်၌ SCO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ်ပိုင်လမ်းကြောင်းကိုရွေးချယ်ရာ၌ ပြည်သူများ၏ အခွင့်အရေးကို တန်ဖိုးထားရန်နှင့် အချုပ်အခြာအာဏာ၊ လွတ်လပ်မှု၊ နယ်မြေပိုင်ဆိုင်မှု၊ သာတူညီမျှရှိမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှု၊ တစ်နိုင်ငံ၏

ဆိုရလျှင် အလယ်အာရှဒေသနိုင်ငံများအတွက်မူ SCO အဖွဲ့သည် တရုတ်နိုင်ငံနှင့် နက်ရှိုင်းသော ဆက်ဆံရေးထူထောင်ရန်၊ ရုရှားနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုလုပ်ဆောင်ရန် နေရာတစ်ခုဖြစ်လာလျက်ရှိသည်။ ထို့ပြင် SCO အဖွဲ့သည် အလယ်အာရှဒေသကို တရုတ်-ရုရှားတို့အပြင် ပိုမိုကျယ်ပြန့်သော အသိုက်အဝန်းနှင့် ချိတ်ဆက်နိုင်စေမည်ဖြစ်ပြီး အလယ်အာရှနိုင်ငံများကို ၎င်းတို့၏အမြင်ရှုထောင့်များ ဖော်ပြရန် နေရာတစ်ခုအဖြစ်လည်း အထောက်အကူပြုသွားနိုင်ပေသည်။

**ကိုးကား**


- Is it Time for the West to Pay Attention to the SCO? By The Diplomat.
- What did Central Asia Get Out of the SCO? By The Diplomat.

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ နယူးကာဆယ်အသင်း၊ ဖီအိုရင်တီးနားအသင်း၊ ဗယ်လ်ကာနိုအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ကြားရက်မှာ အသင်းကြီးတွေက ဥရောပပြိုင်ပွဲတွေရှိနေလို့ ချဉ်းကပ်ရခက်တာကြောင့် တနင်္ဂနွေနေ့ညမှာ ခြေရည်တူအသင်းပွဲစဉ်တွေကိုသာ အဓိကထားရွေးချယ်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်တွေမှာတော့ တနင်္ဂနွေနေ့ညပွဲစဉ်တွေဟာ အိမ်ရှင်အသင်းတွေ အမြဲတမ်းရလဒ်ကောင်းခဲ့တာဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှုများတဲ့ အသင်းတွေဟာ ရလဒ်ကောင်းဖို့ ရုန်းကန်ရတာကို သတိပြုရမှာပါ။ လက်ရှိမှာတော့ ရာသီအစပိုင်းကာလဖြစ်နေတာကြောင့် ကလပ်အသင်းတွေအနေနဲ့ အဓိကကစားသမားတွေ ဒဏ်ရာရ၊ ပွဲပယ်နည်းပါးပေမဲ့ ကစားသမားသစ်တွေနဲ့ အသားကျဖို့ကြိုးစားနေရတဲ့အသင်းတွေကတော့ ရမှတ်ရှာဖွေဖို့ခက်နေသေးတာကြောင့် ဒီတစ်ပတ်မှာလဲ စုဖွဲ့မှုကောင်းတဲ့အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

## နယူးကာဆယ်အသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘုန်းမောက်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အသင်းခံစစ်ပိုင်းက ကာကက်ဇ်၊ ဟူအီဆန်၊ ဇာဘာညီ၊ တိုက်စစ်မှူး အုတ်တာရာတို့ကိုရောင်းချခဲ့ပေမဲ့ ခြေစွမ်းပိုင်းဆိုးရွားခဲ့ခြင်းမရှိတာကို သတိပြုရမှာပါ။ ဒါပေမဲ့ ခံစစ်ပိုင်းက အဓိကခြေစွမ်းပြကစားသမားသုံးယောက်ကို လက်လွှတ်လိုက်ရတာကြောင့် ခံစစ်ပိုင်းကတော့ လိုအပ်ချက်ဖြစ်ပေါ်ခဲ့ပြီး ပြီးခဲ့တဲ့ငါးပွဲမှာ ခုနစ်ဂိုးထိ ပေးခဲ့ရတာဖြစ်ပါတယ်။ နည်းပြအီရာအိုလာကတော့ ပြိုင်ဘက်အသင်းရဲ့နည်းစနစ်ကိုလိုက်ပြီး ကစားကွက်ပိုင်းအပြောင်းအလဲလုပ်နေရပေမဲ့ တိုက်စစ်မှာတော့အီဗန်နယ်ဆန်နဲ့ ဆီမီညိုတို့ကိုသာ တွဲဖက်အသုံးပြုနေရတာဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ဘက်အသင်းအနေနဲ့ ဒီကစားသမားနှစ်ယောက်ကို ထိန်းချုပ်နိုင်မယ်ဆိုရင်တော့ ဘုန်းမောက်အသင်းတိုက်စစ်က ဂိုးရဖို့ရုန်းကန်ရမှာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းကတော့ အသင်းတိုက်စစ်မှူး အစ်ဆက်ခ်ကို လီဗာပူးအသင်းဆီ လက်လွှတ်လိုက်ရပေမဲ့ သူ့နေရာမှာ ဝိုလ်တီမာဒီ၊ ဝစ်ဆာတို့လို တိုးအားကောင်းတဲ့ ကစားသမားတွေကို ဖြည့်တင်းခဲ့တာဖြစ်ပါတယ်။ ဝိုလ်တီမာဒီကတော့ ပြီးခဲ့တဲ့ ဝုဗ်အသင်းနဲ့ပထမဆုံးပွဲစဉ်မှာ အသင်းအတွက် ပထမဆုံးဂိုးသွင်းယူပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ နည်းပြဟိုဝီဟာ ဝိုလ်တီမာဒီနဲ့ဝစ်ဆာတို့ကိုသာ တိုက်စစ်မှာ တွဲဖက်အသုံးပြုလာမယ်ဆိုရင် ပြိုင်ဘက်ခံစစ်ကြောင်းအနေနဲ့ အမြင့်ဘောနဲ့ အဝေးကန်ချက်တွေကို ထိန်းချုပ်ရခက်သွားမှာသေချာပါတယ်။ လက်ရှိမှာ နယူးကာဆယ်ဟာ အမှတ်ပေးပွဲလေးပွဲအပြီးမှာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ တစ်ပွဲနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၉) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်း သရေရလဒ်ထွက်ပေါ်ခဲ့တာကလဲ တိုက်စစ်ပိုင်းအားနည်းချက်ကြောင့်သာဖြစ်လို့ ဝိုလ်တီမာဒီနဲ့ ဝစ်ဆာတို့ကို အပြောင်းအရွှေ့နောက်ဆုံးချိန်မှာ စံချိန်တင်ပြောင်းရွှေ့ကြေးတွေနဲ့ နည်းပြဟိုဝီက အရခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ နည်းပြဟိုဝီဟာ ပရီးမီးယားလိဂ်ပြိုင်ဘက်အသင်းတွေကို အလွယ်တကူထိန်းချုပ်ကစားတတ်တဲ့သူဖြစ်တာကြောင့် သူတာဝန်ယူပြီးနောက်ပိုင်း နယူးကာဆယ်အသင်းဟာ ဥရောပပြိုင်ပွဲဝင်ခွင့်ရခဲ့တာဖြစ်လို့ အခုပွဲမှာလဲ နည်းစနစ်ပိုင်းနဲ့စုဖွဲ့မှုကောင်းလာတဲ့ နယူးကာဆယ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၄ | - | ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ | - | ၀ | ဝုဗ် |
| ဘုန်းမောက် | ၀ | - | ၂ | ဘရန့်ဖို့ဒ် |
| စပါး | ၀ | - | ၁ | ဘုန်းမောက် |
| ဘုန်းမောက် | ၂ | - | ၁ | ဘရိုက်တန် |

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၀ | - | ၂ | အေဗာတန် |
| အေဗီလာ | ၀ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၃ | လီဗာပူး |
| လိဒ်် | ၀ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၁ | - | ၀ | ဝုဗ် |

## ဖီအိုရင်တီးနားအသင်းကို ရွေးရမှာပါ

စီးရီးအေပွဲစဉ် (၄) မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဖီအိုရင်တီးနားအသင်းနဲ့ ကိုမိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖီအိုရင်တီးနားအသင်းဟာ စီးရီးအေသုံးပွဲကစားအပြီးမှာ သုံးပွဲစလုံးနိုင်ပွဲမရသေးတာကြောင့် အခုကိုမိုအသင်းနဲ့ပွဲစဉ်မှာ ရလဒ်ကောင်းဖို့ကြိုးစားရမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ နာပိုလီအသင်းနဲ့ပွဲစဉ်မှာလဲ ပွဲကျပ်ကစားခဲ့ရတာကြောင့် ရမှတ်ရှာဖွေဖို့ ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ ဖီအိုရင်တီးနားအသင်းဟာ တိုက်စစ်က ဂွန်ဇာလက်စ် ထွက်ခွာသွားပြီးနောက်ပိုင်း ဂိုးသွင်းအားကျဆင်းသွားပေမဲ့ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ရလဒ်ကောင်းရယူနိုင်ခဲ့လို့ ပြီးခဲ့တဲ့ရာသီအိမ်ကွင်း ၁၉ ပွဲမှာ ၁၂ ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးခဲ့တာကို သတိပြုရမှာပါ။ သူတို့ရှုံးခဲ့တာကလဲ ထိပ်သီးအသင်းကြီးတွေဖြစ်နေတာကြောင့် ကိုမိုလိုအလယ်အလတ်အဆင့်ရှိတဲ့အသင်းကိုတော့ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးနိုင်မှာ သေချာပါတယ်။ ပြီးခဲ့တဲ့ရာသီ နှစ်ကြိမ်တွေ့ဆုံခဲ့ရာမှာတော့ တစ်ကြိမ်စီ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။

ကိုမိုအသင်းဟာ နည်းပြဖာဘရီဂတ်စ် လက်အောက်မှာ အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားတာကြောင့် အသင်းကြီးတွေကိုတောင် တုံ့ပြန်ကစားနိုင်တဲ့ အသင်းဖြစ်နေတာကို တွေ့ရမှာပါ။ နည်းပြဖာဘရီဂတ်စ်ကတော့ မိုရာတာ၊ ရိုဒရီဂွက်ဇ်တို့လို ခြေစွမ်းကောင်းတဲ့ကစားသမားတွေကို ခေါ်ယူနိုင်ခဲ့လို့ တိုက်စစ်ကတော့ ဂိုးရဖို့ လွယ်ကူနေတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေဆို ရလဒ်ကောင်းလေ့ရှိပေမဲ့ အဝေးကွင်းမှာတော့ နည်းစနစ်ပိုင်းအရ အားနည်းချက်ရှိခဲ့လို့ ပြီးခဲ့တဲ့ ဘိုလော့နာအသင်းနဲ့ပွဲစဉ်မှာ ပြိုင်ဘက်ရဲ့ ထိန်းချုပ်ကစားမှုကို ခံရပြီး ကျဉ်းမြောင်းတဲ့ ရလဒ်နဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ နည်းပြဖာဘရီဂတ်စ်ရဲ့ တိုက်စစ်ကစားပုံမှာ နစ်ကိုးပက်ဇ်က အဓိကကျနေတာကြောင့် နစ်ကိုးပက်ဇ်ခြေစွမ်းပြနိုင်ရင် နိုင်ပွဲရဖို့သေချာနေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ဖီအိုရင်တီးနားအသင်းနည်းပြပိုင်အိုလီဟာ နည်းပြဖာဘရီဂတ်စ်ထက် အတွေ့အကြုံပိုင်းသာနေတာကြောင့် အခုပွဲမှာစုဖွဲ့မှုထက် နည်းပြရဲ့နည်းစနစ်ပိုင်းက အဓိကကျနေတာဖြစ်လို့ အိမ်ကွင်းနိုင်ပွဲရှာရမဲ့ ဖီအိုရင်တီးနားအသင်းကိုပဲ ရွေးရမှာပါ။

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ပိုလစ်ယာ | ၀ | - | ၃ | ဖီအိုရင်တီးနား |
| ကက်ဂလီယာရီ | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၃ | - | ၂ | ပိုလစ်ယာ |
| တိုရီနို | ၀ | - | ၀ | ဖီအိုရင်တီးနား |

### ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၃ | ကိုမို |
| ဘာစီလိုနာ | ၅ | - | ၀ | ကိုမို |
| ကိုမို | ၃ | - | ၁ | ဆူတီရိုလ် |
| ကိုမို | ၂ | - | ၀ | လာဇီယို |
| ဘိုလော့နာ | ၁ | - | ၀ | ကိုမို |

## ဗယ်လ်ကာနိုအသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ် (၅) မှာ အကြိုက်တွေ့တာကတော့ ဗယ်လ်ကာနိုအသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗယ်လ်ကာနိုအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ခြေစွမ်းပြကစားသမားကောင်းတွေမရှိပေမဲ့ အသင်းလိုက်ကစားအားကောင်းခဲ့သလို အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ရလဒ်ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီ အိမ်ကွင်း ၁၉ ပွဲမှာလဲ ငါးပွဲသာရှုံးထားတဲ့ခြေစွမ်းပိုင်းက အားရစရာဖြစ်တာကို တွေ့ရမှာပါ။ လက်ရှိရာသီအဖွင့်ပွဲမှာလဲ အိမ်ကွင်းမှာ ဘာစီလိုနာအသင်းကို အကောင်းဆုံးထိန်းချုပ်ကစားပြီး တစ်ဂိုးစီသရေရလဒ် ရယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက ယာမယ်၊ ရာဖင်ဟာ၊ အိုမို၊ ဖာရန်တောရက်စ်တို့လို လျင်မြန်ကောင်းတဲ့တိုက်စစ်ကို ထိန်းချုပ်ကစားသွားတဲ့ကစားပုံကို အခုပွဲစဉ်မှာသာ ပြန်လည်အသုံးပြုနိုင်မယ်ဆိုရင် အနည်းဆုံး ဆဲလ်တာဗီဂိုအသင်းဆီက ရမှတ်ခွဲယူနိုင်မှာပါ။

ဆဲလ်တာဗီဂိုအသင်းကတော့ နောက်ပိုင်းနှစ်တွေမှာ ခြေစွမ်းပြကစားသမားကောင်းတွေ ပေါ်ထွက်ခဲ့ခြင်းမရှိခဲ့ဘဲ အဓိကကစားသမားတွေကိုလဲ အသင်းကရောင်းချခဲ့တာကြောင့် ရလဒ်ပိုင်းကျဆင်းသွားတာဖြစ်ပါတယ်။ အခုရာသီ လေးပွဲကစားအပြီးမှာလဲ ဂီတာဖေးကို အိမ်ကွင်းမှာ ရှုံးခဲ့ပြီး မာယော့ကာ၊ ဘက်တစ်၊ ဗီလာရီးရဲလ်တို့ကို သရေရလဒ်သာ ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်ရှုံးပြီးနောက်ပိုင်း ခံစစ်ပိုင်းပြုပြင်နိုင်ခဲ့လို့ ကျန်ပွဲတွေမှာ ရှုံးနိမ့်ခဲ့ခြင်းမရှိပေမဲ့ တိုက်စစ်က ဂိုးရဖို့ရုန်းကန်ခဲ့ရလို့ နိုင်ပွဲရှာတွေ့ခဲ့ခြင်းမရှိပါဘူး။ လက်ရှိ အသင်းရဲ့တိုက်စစ်ကစားပုံက ပြိုင်ဘက်ကို ဖိအားပေးနိုင်ပေမဲ့ ဝါရင့်ကစားသမားအက်ပက်စ်၊ ဇာရာဂိုဇာ၊ ဒူရန်တို့ ပုံမှန်ခြေစွမ်းအောက်ရောက်နေတာကြောင့် ဂိုးရဖို့ခက်ခဲနေတာဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းဟာ ပြီးခဲ့တဲ့ရာသီ ဗယ်လ်ကာနိုအသင်းနဲ့ ကစားခဲ့တဲ့နှစ်ကြိမ်စလုံး ရှုံးနိမ့်ခဲ့သလို ထိပ်တိုက်တွေ့ဆုံမှုအကြိမ် ၂၀ မှာလဲ ဗယ်လ်ကာနိုအသင်းက ကိုးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းကစားပုံကောင်းပြီး တွေ့ဆုံမှုအသာရထားတဲ့ ဗယ်လ်ကာနိုအသင်းနဲ့ လက်တွဲရမှာပါ။

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၁ | - | ၃ | ဗယ်လ်ကာနို |
| ဂရေ့နို | ၀ | - | ၁ | ဗယ်လ်ကာနို |
| ဘီလ်ဘာအို | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၄ | - | ၀ | ဂရေ့နို |
| ဗယ်လ်ကာနို | ၁ | - | ၁ | ဘာစီလိုနာ |

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၀ | - | ၂ | ဂီတာဖေး |
| မာယော့ကာ | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဘက်တစ် |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဗီလာရီးရဲလ် |

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။


**ပြိုင်ပွဲကျင်းပရေးကော်မတီ**

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....




# ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး၊ BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)



CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့်
အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့်
ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



5 Digits

(၂၂) ကြိမ်မြောက်ထီဖွင့်ပွဲတွင် Jackpot ဆုကြီး ကျပ်သိန်း (၂,၀၀၀) အတွက် ကံထူးရှင် ထွက်ပေါ်လာခဲ့ပါသဖြင့် (၂၃) ကြိမ်မြောက်ထီဖွင့်ပွဲတွင် Jackpot ဆုကြီးထီဆုငွေ

ကျပ်သိန်း (၁,၀၀၀)

ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

Call Center 777 (or) 09 677 000 777

SCAN ME

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၅၉၂)နေ (ဘ) ဦးခင်မောင်ထွေး၏သမီးဖြစ်သူ ဒေါ်မိမိငယ် (၉/မရမ(နိုင်)၀၉၀၈၀၆)၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဒေါ်မိမိငယ်ဟုလည်းကောင်း၊ တက္ကသိုလ်ဘွဲ့လက်မှတ်၌ ဒေါ်ဝင်းဝင်းခိုင်ဟုလည်းကောင်း အမည် (၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ ဒေါ်မိမိငယ် (ခ) ဒေါ်ဝင်းဝင်းခိုင်

၉/မရမ(နိုင်)၀၉၀၈၀၆

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တရုတ်စု အလက(ခွဲ)တွင် ပညာသင်ကြားနေသော (ဘ) ဦးရမ်ခိုလက်၏သမီး Grade-9 မှ မဟ္ဂိုင်ကျိုင်ငွေး၏အမည်မှန်မှာ မဟ္ဂိုင်ကြင်ငွေးဖြစ်ပါကြောင်း။

မဟ္ဂိုင်ကြင်ငွေး

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ MCL ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မငွေစံပယ်ဟန်၏ဖခင်အမည်မှန်မှာ ဦးတင့်ဆွေဖြစ်ပါကြောင်း။

ဦးတင့်ဆွေ(၉/မကန(နိုင်)၀၃၃၇၀၆)

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မင်းလမ်းရပ်ကွက်**၊ ကွင်း/အကွက် အမှတ်**(၄/ခ)**၊ အကွက်အမည် **ဈေးကလေးကွင်း**၊ ဦးပိုင်အမှတ်**(၃၀)**၊ ဧရိယာ(**၀.၀၆၀**)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်-၂၉ |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ်-၃၁ |
| (ဂ) | တောင်းလားသော် | - | လမ်း |
| (ဃ) | မြောက်လားသော် | - | လမ်း |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးနေဝင်း၊ ဦးမျိုးသန့်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့** မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်၊ မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ ဟိန်းထက်လျှံ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ရိန်၏သား မောင်ဇော်ဂျတ်ရိန်အား မောင်ဒိန်ဂုံဇော်ဂျတ်ရိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဒိန်ဂုံဇော်ဂျတ်ရိန်**
**(၁/မကန(နိုင်)၂၉၇၂၂၈)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာတတ်မြောက်မှ သာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေး၊ တပ်နယ်မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

## မိမိကိုယ်ကို ကောင်းအောင်ဆောင်ရွက်ပြီး တပ်မတော်သားကောင်းများပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များဖွဲ့စည်းထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

## ပြည်တွင်းစက်သုံးဆီဈေးနှုန်းကျဆင်းပြီး လာမည့်ပွင့်လင်းရာသီကာလအတွင်း လုံလောက်စွာသုံးစွဲနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထား

နေပြည်တော် စက်တင်ဘာ ၁၉

အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း မြန်မာကျပ်ငွေခိုင်မာပြီး နိုင်ငံခြားငွေလဲလှယ်မှုနှုန်း ကျဆင်းခဲ့သဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။

ထို့ပြင်ကြိုတင်စီမံထားရှိမှုကြောင့်သီတင်းကျွတ်ပွဲတော်ကာလအပါအဝင်လာမည့်ပွင့်လင်းရာသီကာလအတွင်း စက်သုံးဆီများလုံလောက်စွာ သုံးစွဲနိုင်သည့်အပြင် အရန်ဆီများလည်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။ (သတင်းစဉ်)

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257